Dataနှင့် Facebook ကိုအသုံးပြု၍ ကမ္ဘာ့နိုင်ငံရေးကိုကြိုးကိုင်ခြယ်လှယ်ခဲ့သော
Cambridge Analyticaကုမ္ပဏီ၏အတွင်းရေးများ

# Targeted


BRITTANY KAISER




# ပစ်မှတ်


ရဲမင်းဝင်း (မြန်မာပြန်သည်)

ပစ်မှတ်

ရဲမင်းဝင်း

Making the world a better place

For

Wint Eaindra Ye Min & Taw Eaindray Ye Min

By

Daddy Ye Min Win

ဝင့်အိန္ဒြာရဲမင်းနှင့် တော်အိန္ဒြေရဲမင်း တို့အတွက် ကမ္ဘာကြီး ကို

ပိုမို ကောင်းမွန်တဲ့ နေရာတစ်ခုဖြစ်ဖို့

ဖေဖေ ဦးရဲမင်းဝင်း

၏

ကြိုးပမ်းမှု တစ်စိတ်တဒေသ

ရဲမင်းဝင်း ဘာသာပြန်သည်

ကျေးဇူးတင်လွှာ

မိမိ၏ ကွယ်လွန်သွားကြပြီဖြစ်သော မိဘနှစ်ပါးကို လက်အုပ်မိုး၍ ရှိခိုးကန်တော့ အပ်ပါသည်။ မိမိကို စာပေမြတ်နိုးလာအောင် မျိုးစေ့ချပေးခဲ့သူ မိခင်ကြီးသာ ရှိနေလျှင် ယခုကဲ့သို့ စာအုပ် ထုတ်ဝေနိုင်ခဲ့ခြင်းအပေါ် မည်မျှ ဂုဏ်ယူနေလိုက်မလဲဟု တွေးမိပြီး သတိရ လွမ်းဆွတ်မိရ ပါသည်။ မိခင်

ကြီးကိုယ်တိုင် စာပေဖတ်ရှုရသည်ကို မြတ်နိုးသည့်အပြင် စာပေရေးသား ခြင်းကိုပါ ဝါသနာပါသူ ဖြစ်ပါသည်။ မိမိ၏ မွေးချင်း ၄ ယောက်ထဲတွင် မိမိ တစ်ဦးသာ မိခင်ကြီး၏ အမွေရသကဲ့သို့ စာပေဖတ်ရှုခြင်းအပြင် ရေးသား ခြင်းပါ ဝါသနာထုံခဲ့ပါသည်။ ဤစာအုပ်ကို မိမိ၏အသက် ၄၀ ပြည့် အထိမ်းအမှတ် မွေးနေ့အဖြစ် မိဘ၏ ဂုဏ်ကျေးဇူးကို အောက်မေ့ အမှတ်ရ ပြီး ထုတ်ဝေခြင်း ဖြစ်ပါသည်။ အဝေးတွင် ရောက်ကြသော အစ်မကြီးနှင့် အစ်ကိုနှစ်ဦးတို့လည်း မိခင်ကြီး အထိမ်းအမှတ် ထုတ်ဝေသော ဤစာအုပ် အပေါ် ကျေနပ်အားရ ဖြစ်ကြမည်ဟု ယူဆပါသည်။

ဤစာအုပ် ဘာသာပြန်နေချိန် အနှောင့်အယှက် မပေးကြသော မိမိ၏ သမီးနှစ်ဦး ဝင့်အိန္ဒြာရဲမင်းနှင့် တော်အိန္ဒြေရဲမင်း တို့ကိုလည်း သူတို့ ဖခင်နှင့်အဘွား အလားတူ စာပေကို ချစ်မြတ်နိုးသူများ ဖြစ်လာစေရန် ဤ စာအုပ်ဖြင့် ရည်ရွယ်ပါသည်။ မိမိဘေးတွင် အမြဲ ရပ်တည်ပေးသော ဇနီး ဖြစ်သူကိုလည်း အထူးကျေးဇူး တင်ရှိပါသည်။

အမှာစာ ရေးပေးကြသူများ၊ ဘာသာပြန် အခက်အခဲကို ကူညီကြသူများ ၊ မိမိ၏ တိုင်ပင်ဖော် တိုင်ပင်ဖက် lets vote အဖွဲ့ဝင်များ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါသည်။

***

## ဘာသာပြန်သူ အမှာစာ

ကမ်းဘရစ် အနာလိုက်တီကာ၏ ထရန့် ကမ်ပိန်း၊ ဘရစ်စစ် (Brexit) နှင့် အခြားရွေးကောက် ပွဲများအတွက် ပါဝင်ပတ်သက်ခဲ့သော အရှုပ်တော်ပုံကို ရိုက်ပြသော နက်ဖလစ် (Netflix)၏ ဒေါ်ကူမန်ထရီ ဂရိတ်ဟက် (Great Hack) ကို ကြည့်ရှုစဉ် ကတည်းက ဒီအကြောင်းအရာကို စိတ်ဝင်စားမှု စတင်ခဲ့ပါသည်။ ထိုဗီဒီယိုကို ကြည့်ရှုပြီးကတည်းက မိမိတို့ နိုင်ငံတွင်

လည်း ဒေတာနှင့် ပတ်သက်၍ ကမောက်ကမ ဖြစ်ခဲ့ရသည်ကို ပြန်လည် အမှတ် ရမိပြီး မိမိတို့၏ ပြည်သူလူထုအား ဤဒေတာနှင့် ပတ်သက်သော အန္တရာယ်ကို ပြောပြလိုစိတ် ဖြစ်ပွားခဲ့ပါသည်။ ဘရစ်တနီကိုင်ဆာ၏ တား ဂက်တက် (Targeted) စာအုပ်မှာ ဂရိတ်ဟက် (Great Hack) ဗီဒီယို ထွက် အပြီး မရေးမနှောင်းမှာ ထွက်လာသဖြင့် မိမိ၏ စိတ်ဆန္ဒအတိုင်း ပြည်သူ အများကို ပြောပြခွင့်အတွက် ရေကန်အသင့် ကြာအသင့် ဖြစ်ခဲ့ရပါသည်။ မိမိတို့၏ မြန်မာနိုင်ငံအတွက် ဆက်သွယ်ရေး အော်ပရေတာများ ဝင် ရောက် အလုပ်လုပ်ကိုင်ခွင့် ပြုသင့် ၂၀၁၂ မှ စတင်၍ မြန်မာနိုင်ငံသား တို့၏ အင်တာနက် အသုံးပြုမှု၊ အတိအကျ ပြောရလျှင် ဖေ့ဘွတ်အသုံးပြုမှု မှာ မြင့်တက်လာခဲ့ပါသည်။ မိမိတို့ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးလောက တိုးတက်လာသည့် အချိန်နှင့် ကမ္ဘာတလွှားမှာ လူမှုကွန်ရက် အားကောင်း လာသည့် အချိန်နှင့် ကြုံကြိုက်တိုက်ဆိုင် နေပါသည်။ ဆက်သွယ်ရေး နည်း လမ်းများကို နှစ်ပေါင်းကြာရှည်စွာ လူကုံထံသုံး ပစ္စည်းဟုသာ ယူဆခဲ့ရ သော မြန်မာလူထု အနေဖြင့် လျှင်မြန်စွာ ပြောင်းလဲနေသော နည်းပညာကို အမီလိုက်ရန် အဆင်သင့် မဖြစ်ခဲ့ပါ။ ထို့အပြင်လူတိုင်း လက်လှမ်းမီသော ဖုန်း၊ ထိုဖုန်းပေါ်မှ ဖေ့ဘွတ်ကို အသုံးပြုခွင့် ရရှိခဲ့သည်မှာ ဖြတ်သန်းရမည့် ဒီဂျစ်တယ်ပြောင်းလဲ ဖြစ်စဉ်များကို ခုန်ကျော်ဘိသကဲ့သို့ ဖြစ်ပေါ်နေ ပါသည်။ မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်း အသုံးပြုမှုမှာ ၂၀၁၃ တွင် လူဦးရေ စုစုပေါင်း၏ ၇% သာ ရှိရာမှ ၂၀၁၆တွင် ၉၀% အထိ ခုန်ကျော်တိုးမြင့် ခဲ့ ပါသည်။ သို့သော် အသုံးပြုသူ စုစုပေါင်း၏ ၇၈% မှာ ဒီဂျစ်တယ် လစ်ထ ရိတ် မဖြစ်ကြကြောင်း၊ တစ်နည်းဆိုသော် ဒီဂျစ်တယ် စာတတ်မြောက်မှု မ ရှိကြောင်း စစ်တမ်းတစ်ခုတွင် ဖော်ပြထားပါသည်။

ထိုသို့ ခုန်ကျော်ခဲ့ရမှုကြောင့် မိမိတို့ နိုင်ငံသားများ၏ ဒီဂျစ်တယ် လစ်ထ

ရိုတ်ဟု ခေါ်ဆိုသော ဒီဂျစ်တယ် စာတတ်မြောက်မှု ချို့ယွင်းချက်ကို အခွင့်အရေးယူသူ မသမာသူများလည်း ပေါ်ပေါက်ခဲ့ပါသည်။ လူမျိုးရေး၊ ဘာသာရေး အမုန်းတရားများကို ဖေ့ဘွတ်ပေါ်မှ စနစ်တကျ ဖြန့်ဖြူးခြင်း၊ သွေးထိုး လှုံ့ဆော်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ထို့အပြင် လူထု၏ လူမှု ကွန်ရက် အသုံးပြုမှုကို အသုံးချ၍ နိုင်ငံရေး အကျိုးအမြတ် ထုတ်နေသူ လူ တချို့လည်း ရှိနေပါသည်။ ဤစာအုပ်ကို ပြန်ဆိုရခြင်း ရည်ရွယ်ချက်မှာ မိမိ တို့ နိုင်ငံသားများအတွက် ဒီဂျစ်တယ် လစ်ထရိတ် ဖြစ်စေလိုသော ဆန္ဒကို ရှေ့တန်းတင်၍ ပြန်ဆိုခြင်း ဖြစ်ပါသည်။ ဤစာအုပ်တွင် ပါရှိသော အကြောင်းအရာများကို သူတို့ဆီမှလို့ ဖြစ်တာ၊ တို့ဆီမှာတော့ အဝေးကြီး လိုပါသေးတယ်ဖြစ်မှာ မဟုတ်သေးပါဘူးလို့ မတွေးသင့်ပါ။ ယနေ့ကမ္ဘာရဲ့ လားရာက ဒေတာပါပဲ။ ဒေတာကို အသုံးချပြီး မိမိတို့ရဲ့ ဘဝတွေ၊ နောက်ဆုံး မိမိတို့ရဲ့ ဆုံးဖြတ်ချက်တွေကို ပြောင်းလဲသွားအောင် လုပ်နိုင် တယ်ဆိုတာ ဒီစာအုပ်မှာ အထင်အရှား တွေ့ရမှာ ဖြစ်ပါသည်။ ယနေ ကမ္ဘာ ကြီး အခြေအနေမှာ ဒီဂျစ်တယ် ကမ္ဘာကြီး ဖြစ်သောကြောင့် မိမိကိုယ်တိုင် ရော၊ မိမိမျိုးဆက် အတွက်ရော ဒီဂျစ်တယ်ဘဝ ဆိုသည်မှာ ရှောင်လွှဲ၍ မရ တော့ဘဲ မဖြစ်မနေ ပိုင်ဆိုင်ရတော့မည် ဖြစ်ပါသည်။ ထိုဒီဂျစ်တယ်ဘဝ တွင် မည်သို့ ပြုမူနေထိုင်ရမည်၊ မည်သည့် ဘေးအန္တရာယ်များ ကျရောက် နိုင်သည်၊ မည်ကဲ့သို့ တုံ့ပြန်ရမည် အစရှိသည်တို့မှာ လူသားတိုင်းအတွက် လိုအပ်သော အရည်အချင်းများ ဖြစ်လာပြီ ဖြစ်ပါသည်။ ယခင်ခေတ်က စာတတ်မြောက်သူ ပပျောက်ရေး လှုပ်ရှားမှုများ လုပ်ခဲ့ကြပြီး လူတိုင်း စာရေးတတ် ဖတ်တတ်မှ လူ့အဖွဲ့အစည်းထဲ ဝင်နိုင်သလို ယခုခေတ်တွင် လည်း ဒီဂျစ်တယ် Literacy ကို မတတ်မြောက်ပါက ဒီဂျစ်တယ် လူ့ အသိုင်းအဝိုင်းထဲတွင် ဝင်ဆံ့ဖို့ ခဲယဉ်းမည် ဖြစ်ပါသည်။ ဆရာကြီး

ဒေါက်တာသန်းထွန်း၏ နာမည်ကျော် သမိုင်းဆိုတာ မအအောင် သင်တာ ဟူသော စကားရပ်အတိုင်း ဆိုလျှင် ဤစာအုပ်တွင် ပါရှိသော အကြောင်းအရာများက သမိုင်းအဖြစ် တွင်ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။ ဤအဖြစ်အပျက်များကို လေ့လာသိရှိခြင်းဖြင့် မိမိကိုယ်တိုင်ရော၊ မိမိ၏ လူ့အဖွဲ့အစည်းကို လည်းကောင်း ကျရောက်မည့် အန္တရာယ်များကို ကြိုတင် ကာကွယ်နိုင်မည် ဖြစ်သည်။

ဤစာအုပ်ကို နိုင်ငံ၏ ဥပဒေပြု အမတ်များ၊ နိုင်ငံရေး သမားများ၊ IT နည်းပညာရှင်များ၊ စိတ်ပညာ ရပ်ဆိုင်ရာ ပညာရှင်များ၊ အလေးထား ဖတ်ရှုသင့်ပါသည်။ တချို့စကားရပ်များမှာ နည်းပညာ ဝေါဟာရများ ဖြစ်သဖြင့် မြန်မာလို ဘာသာမပြန်ဘဲ မူရင်းစကားလုံးအတိုင်း သုံးစွဲရသည်ကို နားလည်ပေးစေ လိုပါသည်။ ဘာသာပြန်ရာတွင် အားနည်းချက်များ ရှိပါက အနူးအညွတ် တောင်းပန်ပါကြောင်း တောင်းပန်အပ်ပါသည်။ ဤစာအုပ်ကို ဖတ်ရှုကြသည့် စာချစ်သူ မိတ်ဆွေအပေါင်းကို ဒီဂျစ်တယ် လူ့အဖွဲ့အစည်းတွင် တန်ဖိုးရှိသော ဒီဂျစ်တယ်ဘဝကို ပိုင်ဆိုင်နိုင်သူများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

***

## ကိုသန့်ဇင်ဦး အမှာစာ

ဂရိတ်ဟက် (Great Hack) မှတ်တမ်းရုပ်ရှင်ကို ကြည့်ပြီးပြီးချင်း ပထမဆုံး လုပ်မိတာကတော့ နည်းပညာနဲ့ ကျွမ်းဝင်ပြီး နိုင်ငံရေးလည်း ဝါသနာရှိတဲ့ မိတ်ဆွေတွေကို လိုက်ညွှန်းမိတာပါပဲ။ နောက်ပြီး ဒီအကြောင်းကို တစ်ယောက်ယောက်က ဘာသာပြန်ရင် လူအများ အကျိုးရှိမှာပဲလို့ ဆန္ဒဖြစ်မိတယ်။ ကျွန်တော့်ရဲ့ဆန္ဒ ပြည့်တယ်လို့ ဆိုရမယ်။ ရက်ပိုင်းအတွင်းပဲ ကိုရဲမင်းဝင်းက ဒီအကြောင်းကို အနှစ်ချုပ်လေးတွေ သူ့ဖေ့ဘွတ်မှာ ရေးတင်လာတယ်။ နောက်ပြီး စာအုပ်ထုတ်မယ်လို့ သိရတော့ အတော်ကို ကျေနပ်မိတယ်။

ရွေးကောက်ပွဲတွေဟာ ဒီမိုကရေစီဝါဒရဲ့ ကျောရိုးသဖွယ် ဖြစ်တယ်လို့ ဆိုကြပေမဲ့ ပြီးခဲ့တဲ့ နှစ်ပိုင်းတွေ အတွင်းမှာ ကျင်းပခဲ့တဲ့ နိုင်ငံတချို့ရဲ့ ရွေးကောက်ပွဲတွေကတော့ ဗြိတိန်နိုင်ငံမှာ အခြေစိုက်တဲ့ နိုင်ငံရေးအတိုင်ပင်ခံ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုရဲ့ လိုသလို ခြယ်လှယ်ပုံသွင်းခြင်းကို ခံခဲ့ရပါတယ်။ ဒါဟာ ဒီမိုကရေစီဝါဒကို ခြိမ်းခြောက်မှုတစ်ခုလို့ ဆိုရင်လည်း မမှားပါဘူး။ အဲဒီကုမ္ပဏီဟာ ဖေ့ဘွတ် လူမှုကွန်ရက်ကိုပဲ အဓိကအသုံးပြုပြီး တိုင်းပြည်တစ်ခုရဲ့ သမိုင်း၊ လူသန်းပေါင်း များစွာရဲ့ ကံကြမ္မာကို ဘယ်လိုတွေ ဖန်တီးခြယ်လှယ် သွားသလဲ ဆိုတာကို ဒီစာအုပ်မှာ အသေးစိတ် အချက်အလက်တွေနဲ့ စိတ်ဝင်စားဖွယ်ရာ ရှင်းလင်းရေးသားထားတာမို့ လာမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာ မဲစပေးခွင့် ရတော့မယ့် လူငယ်တွေအပြင် မဲဆန္ဒရှင်တွေအားလုံး လေ့လာဖတ်ရှု ကိုးကားသင့်တဲ့

စာအုပ်ကောင်းတစ်အုပ် ဖြစ်ကြောင်း သတင်းကောင်း ပါးလိုက်ပါရစေ။

***

## မူရင်း စာအုပ်ရေးသားသူအကြောင်း

ဘရစ်တနီ ကိုင်ဆာဟာ ကမ်းဘရစ် အနာလိုက်တီကာ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ဌာနရဲ့ ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သူ့ကုမ္ပဏီ ကမ်းဘရစ် အနာလိုက်တီကာကတော့ ဖေ့ဘွတ်တွေကို အလွဲသုံးစားလုပ်ပြီး ယူကေရဲ့ ဘရစ်စစ် (Brexit)နဲ့ ထရန့်ရဲ့ ကမ်ပိန်းတွေမှာ ကူညီခဲ့တဲ့ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ မကြာသေးခင်ကပဲ ပြိုလဲသွားခဲ့ပါပြီ။ ကိုင်ဆာဟာ ဒီအမှုနဲ့ ပတ်သက်ပြီး သက်သေခံ ထွက်ဆိုချက်တွေ ပေးခဲ့ပြီး သူကိုယ်တိုင်လည်း တားဂတ်တက် (Targeted) ဆိုတဲ့ စာအုပ်ကို ကိုယ်တိုင်ရေးသားပြီး နိုင်ငံတွေရဲ့ ရွေးကောက်ပွဲတွေမှာ သူတို့ကုမ္ပဏီက ဘယ်လိုနည်းလမ်းတွေနဲ့ မဲပေးသူတွေရဲ့ ဆုံးဖြတ်ချက်တွေ ပြောင်းသွားအောင် လုပ်ပစ်နိုင်ခဲ့တယ်ဆိုတာ အသေးစိတ် ရေးသားခဲ့ပါတယ်။ လေ့လာသူတွေအဆိုအရတော့ အမေရိကန် ရွေးကောက်ပွဲမှာ တကယ်အဆုံးအဖြတ် ပေးသွားတာက မဲပေးသူပေါင်း ၁၃၈ သန်း ထဲက ၇ သိန်း မျှသော လူအရေအတွက် ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီ စွင်းဗုတ်တာလို့ ခေါ်တဲ့ မဲပေးသူတွေကို သူတို့ကုမ္ပဏီ ဒီဂျစ်တယ်မီဒီယာ ပလက်ဖောင်းကိုသုံးပြီး သူတို့ရဲ့ အပြုအမူနဲ့ ဆုံးဖြတ်ချက်တွေ ပြောင်းလဲပစ်ဖို့ စိတ်ပညာရှင်တွေ၊ ဒေတာသိပ္ပံ ပညာရှင်တွေ၊ သင်္ချာပညာရှင်တွေ အများအပြား အသုံးပြုခဲ့တယ်လို လည်း ရေးသားထားပါတယ်။ ဒီကမ်းဘရစ် အနာလိုက်တီကာ ကိစ္စဖြစ်ပြီး နောက်ပိုင်းမှာ ဒေတာအခွင့်အရေးဆိုတာ လူတစ်ယောက်ရဲ့ လူ့အခွင့်အရေးနဲ့ အတူတူပဲဆိုပြီး လှုပ်ရှားလာတဲ့ တက်ကြွလှုပ်ရှားသူတွေ ရှိသလို ကမ္ဘာပေါ်မှာ ဒီပုံစံအတိုင်းဆို လွတ်လပ်ပြီး တရားမျှတတဲ့

ရွေးကောက်ပွဲဆိုတာ ရှိဦးမလားဆိုပြီး မေးခွန်းထုတ်လာ သူတွေလည်း ရှိပါတယ်။ လက်ရှိမှာတော့ ဘရစ်တနီ ကိုင်ဆာဟာ ဒေတာအခွင့်အရေး တက်ကြွလှုပ်ရှားသူ အဖြစ်အနေနဲ့ ရပ်တည်နေပြီး ဖေ့ဘွတ်လို လူမှုကွန်ရက် မီဒီယာ ပလက်ဖောင်းတွေကနေ နိုင်ငံရေးလှုံ့ဆော် ကြော်ငြာတွေ လုံးဝရပ်ဆိုင်း ပစ်သင့်တယ်လို့ ပြောပါတယ်။

***

# နိဒါန်း

ကျွန်မဘဝရဲ့ ရွေးချယ်ခဲ့မှုတွေကို မေးခွန်းထုတ်ခံရဖို့အတွက် ဖက်ဒရယ် အေးဂျင့်တွေနဲ့ အတူတူ ကားစီးလာရတာ ဘာနဲ့မှ မတူပါဘူး။ အတိအကျ ဆိုရင် ၂၀၁၈ ဇူလိုင် ၁၈ ရက်နေ့မှာ အထူးစုံစမ်း စစ်ဆေးရေး အရာရှိ ရော ဘတ်မူလာရဲ့ စုံစမ်း စစ်ဆေးရေးအတွက် အင်တာဗျူး ဖြေဆိုဖို့ ဝါရှင်တန်ဒီ စီရဲ့ လမ်းတစ်ခုပေါ်မှာ ကျွန်မရောက်နေတာပါ။

အဲဒီမနက်ခင်း ခရီးအတွက် အတိအကျဆိုရင် ကား ၂ စီး ပြောင်းစီးခဲ့ရပါ တယ်။ တစ်စီးက တရားစီရင်ရေး ဌာနက ကျပန်း ရွေးချယ်ထားတဲ့ ကော်ဖီ ဆိုင် တစ်ခုကို အရင်ခေါ်သွားပါတယ်။ ဒါက ကျွန်မကား နောက်ထိုင်ခုံကို ရောက်ချိန်မှာ ကားမောင်းသူအတွက် ညွှန်ကြားချက်ပါ။ သူတို့က မ မျှော်လင့်ထားတဲ့ နေရာတစ်ခုကို ဘယ်သူ့ကိုမှ ကြိုတင်အသိမပေးဘဲ ရွေးချယ်ထားတာပါ။ ကျွန်မတို့ လမ်းပေါ်ရောက်မှ သွားရမယ့်နေရာကို ကားမောင်းသူကို ညွှန်ကြားလိုက်တာပါ။ ကော်ဖီဆိုင်မှာ ဒုတိယကား မောင်းသူ စောင့်ဆိုင်းနေပါတယ်။ သူလည်း ပထမကားမောင်းသူလိုပဲ အနက်ရောင် ဝတ်စုံနဲ့ အနက်ရောင်နေကာ မျက်မှန်ကို ဝတ်ဆင်ထားပါ တယ်။ ဒါပေမဲ့ သူနဲ့အတူ ဒုတိယလူတစ်ယောက် ရှိနေပါတယ်။ ပထမကား လိုပဲ ဖောက်ထွင်း မမြင်နိုင်တဲ့မှန်တွေ တပ်ဆင်ထားတဲ့ ကားပေါ်ကနေပြီး တောက်ပနေတဲ့ မြို့တော်ရဲ့ အထင်ကရ နေရာတွေကိုကြည့်ပြီး လိုက်လာပါ တယ်။ တောက်ပပြီး ဖြတ်ခနဲ တွေ့ရတဲ့ အဖြူရောင် ပုံရိပ်တွေက ကင်မရာ မီးလုံးက အလင်းရောင် လိုပါပဲ။

ကားနောက်ခန်းထဲမှာ ကျွန်မရဲ့ ရှေ့နေ ၂ ယောက်ကြား ထိုင်လိုက်လာတုန်း ကျွန်မ ဘယ်လိုဖြစ်ပြီး ဒီနေရာ ရောက်လာတာ၊ အခုအချိန်မှာ နာမည်ဆိုး ထွက်လာခဲ့တဲ့ နိုင်ငံရေး ဆက်သွယ်ရေး ကုမ္ပဏီ ကမ်းဘရစ် အနာလိုက်တီကာက ကျွန်မရဲ့ အခန်းကဏ္ဍကို ဖက်ဒရယ် ဥပဒေ အရာရှိတွေနဲ့ စကားပြောရတော့မှာဆိုတဲ့ အကြောင်းတွေကို မတွေးဘဲ မနေနိုင်အောင်ပါပဲ။ ကျွန်မအတွက်ရယ် ကျွန်မမိသားစု အတွက်ရယ် ဆိုပြီး ရည်ရွယ်ချက် ကောင်းတွေနဲ့ ဝင်ရောက်ခဲ့တဲ့ အခြေအနေကနေ ဘယ်လိုလုပ်ပြီး ဆိုးဆိုးရွားရွား ပြန်ပြင်လို့ မရနိုင်တဲ့ အမှားနဲ့ အဆုံးသတ် သွားခဲ့ရတာလဲ၊ ဒေတာကို ကောင်းကျိုးအတွက် ဘယ်လိုအသုံးပြုလို့ ရနိုင်တယ်ဆိုတာ လေ့လာချင်တဲ့ဆန္ဒ၊ ကျွန်မ မိသားစုရဲ့ ငွေကြေး အခက်အခဲကို ကူညီချင်တဲ့ ဆန္ဒတွေကနေ ဘယ်လိုဖြစ်ပြီး ကျွန်မရဲ့ နိုင်ငံရေးနဲ့ ကိုယ်ပိုင်တန်ဖိုးတွေ နစ်နာဆုံးရှုံးခဲ့တဲ့ အခြေအနေကို ရောက်ခဲ့တာလဲ၊ ကျွန်မရဲ့ အတွေ့အကြုံ မကြွယ်ဝမှုနဲ့ ရည်မှန်းချက်တွေက ဘယ်လိုဖြစ်ပြီး သမိုင်းမှာ ဆိုးဆိုးဝါးဝါး ဖြစ်ခဲ့မယ့် အမှားဘက်ခြမ်းကို တည့်တည့်ကြီး ရောက်ခဲ့ရတာလဲ။

လွန်ခဲ့တဲ့ ၃ နှစ်ခွဲ ကျော်ကျော် ကာလလောက်မှာ ကမ်းဘရစ် အနာလိုက်တီကာရဲ့ မိခင်ကုမ္ပဏီ အက်(စ)ဆီအယ်(လ) ကုမ္ပဏီ အုပ်စုကို ကျွန်မစတင် ဝင်ရောက်ခဲ့ပါတယ်။ အတိအကျ ပြောရရင် အက်(စ)ဆီအယ်(လ) ရဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဌာန၊ အက်(စ)ဆီအယ်(လ)ရဲ့ လူမှုရေးဆိုင်ရာ ပရော့ဂျက်တွေ လုပ်တဲ့ ဌာနဖြစ်ပြီး အလက်ဇန္ဒား နစ်(စ)ဆိုတဲ့ ကုမ္ပဏီအမှုဆောင် အရာရှိချုပ်ရဲ့ လက်အောက်မှာ ဖြစ်ပါတယ်။ ယုံကြည်မှု တစ်ပွေ့တစ်ပိုက်နဲ့ အလုပ်ဝင်ခဲ့ပေမဲ့ ကျွန်မ မျှော်မှန်းထားတာတွေ တစ်ခုမှ ဖြစ်မလာပါဘူး။ ကျွန်မတစ်လျှောက်လုံး ဒီမိုကရက်

ထောက်ခံသူနဲ့ ဒီမိုကရက် ပါတီအတွက် နှစ်ပေါင်းများစွာ အလုပ်လုပ်ပေးခဲ့သူ ဖြစ်လို့ ကျွန်မရဲ့ ကမ်းဘရစ် အနာလိုက်တီကာက အလုပ်ကို ကုမ္ပဏီရဲ့ ရီပါဘလီကန် ဖောက်သည်တွေနဲ့ ပတ်သက် ဆက်နွှယ်စရာ မလိုဘူးဆိုတဲ့ ကတိစကားနဲ့ စတင်ခဲ့ရပါတယ်။ သိပ်မကြာပါဘူး၊ ကျွန်မရဲ့ တန်ဖိုးထားတဲ့ အရာတွေနဲ့ ဝေးရာကို ဆွဲခေါ်ခြင်း ခံရပါတယ်။ ကျွန်မရဲ့ လူသားချင်း စာနာမှုဆိုင်ရာ ပရောဂျက်တွေအတွက် ရန်ပုံငွေရဖို့ ခက်ခဲတာရယ်၊ တခြားဘက်က အောင်မြင်မှုတွေဆီက ရန်းမထွက် နိုင်တာရယ်တွေကြောင့်ပေါ့။ ကမ်းဘရစ် အနာလိုက်တီကာမှာ ကျွန်မ အလုပ်လုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်လုံး မရနိုင်တဲ့ ငွေကြေးပမာဏ ရမယ်လို့ ကတိပေးပါတယ်။ စနစ်တစ်ခုကို ပြောင်းလဲပစ်မယ့် နိုင်ငံရေး ဆက်သွယ်ရေး ကုမ္ပဏီတစ်ခုကို တည်ဆောက်ရာမှ အစက ပါဝင်ခဲ့တယ်ဆိုပြီး မျှော်လင့်ချက်ပေးတဲ့ နည်းလမ်းတစ်ခုပါ။

ကမ်းဘရစ် အနာလိုက်တီကာရဲ့ အမေရိကန် နိုင်ငံသားတွေ ရနိုင်သမျှ ယူတာရော၊ ဒီဒေတာတွေကို သူတို့ရဲ့ မဲပေးမှုကို ပြောင်းလဲပစ်ဖို့ အသုံးချတာရော ကုမ္ပဏီရဲ့ အားထုတ် ကြိုးပမ်းမှု ၂ ခုလုံးမှာ ကျွန်မကို လူတွေက သတိထား လာမိပါတယ်။ ဖေ့ဘွတ်ရဲ့ အသုံးပြုသူတွေရဲ့ ကိုယ်ရေးအချက်လုံခြုံရေးကို မျက်ကွယ်ပြုတာ၊ အစိုးရရဲ့ ကမ်းဘရစ် အနာလိုက်တီကာက ရယူလိုက်တဲ့ လူတွေရဲ့ ကိုယ်ရေးအချက် ဒေတာတွေအပေါ် အရေးတယူ မလုပ်ခဲ့တာတွေကို ကျွန်မ သိလာပါတယ်။ ကမ်းဘရစ် အနာလိုက်တီကာ ဒီအင်အားတွေကို အသုံးချပြီး ဒေါ်နယ်ထရန့် ရွေးကောက်ခံရအောင် ဘယ်လို ကူညီခဲ့သလဲဆိုတာ ကျွန်မနားလည်လာပါတယ်။

ကားပေါ်မှာ ကျွန်မနဲ့ ကျွန်မရှေ့နေတွေ ဘာစကားမှ မပြောဖြစ်ပဲ လိုက်လာကြပါတယ်။ ရှေ့မှာဘာတွေ ဖြစ်လာမလဲ ဆိုတာကို ကြိုတင်ပြင်ဆင်

နေကြပါတယ်။ ကျွန်မရဲ့ အကြောင်းအလုံးစုံကို ပြောပြမယ်ဆိုတာ အားလုံး သိကြပါတယ်။ အခုအချိန်မှာ မေးခွန်းက လူတိုင်းက ဘာကိုသိချင် နေကြတာလဲ။ လူတွေက ဘယ်လိုဖြစ်ခဲ့သလဲ ဆိုတာကို ကျွန်မရဲ့ ပုဂ္ဂိုလ်ရေး အမြင်ရော၊ ကျွမ်းကျင်မှု နယ်ပယ်ကနေရော ဖြေဆိုမယ့် အဖြေကို လိုချင်နေကြတာပါ။ ကျွန်မရဲ့ တန်ဖိုးထားတွေ အကြီးအကျယ် ပျက်စီးခဲ့တာ အတွက် အကြောင်းရင်းတွေ အများကြီး ရှိပါတယ်။ ကျွန်မမိသားစုရဲ့ ငွေကြေး အခက်အခဲကို ဖြေရှင်းဖို့၊ ကျွန်မ ဒီကုမ္ပဏီအတွက် ဘယ်လိုပဲ အလုပ်လုပ်လုပ် ဟီလာရီက နိုင်မှာပဲဆိုတဲ့ မှားယွင်းစွာ ယုံကြည်ခဲ့မှု ပြောမယ်ဆိုရင် အများကြီးပါ။ ဒီထဲအမှန်တရားနဲ့ အနီးစပ်ဆုံးကတော့ ကျွန်မ လျှောက်လှမ်းခဲ့တဲ့ လမ်းတစ်လျှောက်မှာ ကျွန်မကိုယ်တိုင် ပျောက်ဆုံးခဲ့ပြီး လမ်းညွှန် ပျောက်ဆုံးခဲ့ရတာပါ။ ကျွန်မက နိုင်ငံရေးအလုပ်ဆိုတာ ရှုပ်ထွေးပြီး ကိုယ်ကျိုးကိုပဲ ကြည့်ကြတယ် ဆိုတာကို သိတဲ့သူလို ယုံကြည်ပြီး ဒီအလုပ်ကို ဝင်ရောက် လုပ်ကိုင်ခဲ့တာပါ။ အချိန်တွေ ကြာလာမှ ကျွန်မ ဘယ်လောက်တောင် တုံးအမိသလဲ ဆိုတာက သိလာပါတယ်။

အခုတော့ မှားခဲ့တာတွေကို မှန်အောင်လုပ်ဖို့ ကျွန်မ တာဝန်ရှိနေပါပြီ။ ကားက လမ်းဘေးကို ညင်သာစွာ ဆွဲချလိုက်လို့ ကျွန်မတို့ သွားရမယ့်နေရာနဲ့ နီးကပ်လာပြီဆိုတာ သိလိုက်ပါတယ်။ ကျွန်မကို စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်တွေက ကျွန်မကို မေးခွန်းမေးမယ့် အဆောက်အဦမှာ စာနယ်ဇင်းသမားတွေကို အုပ်စုလိုက်တွေ့ရင် မကြောက်ရွံ့ဖို့နဲ့ အံ့သြမသွားဖို့ ကြိုတင်သတိပေး ထားပါတယ်။ နေရာက လုံခြုံမှု မရှိတော့ပါဘူး။ ဒီနေရာက သက်သေတွေကို မေးခွန်းမေးမယ့် နေရာဆိုတာကို သတင်းထောက်တွေက သိသွားပါပြီ။

သတင်းထောက် တစ်ယောက် စာတိုက်ပုံးနောက်မှာ ပုန်းနေတယ်လို့

ကားမောင်းသူက ပြောပါတယ်။ သူမက စီအန်အန်က သတင်းထောက်မှန်း ကားမောင်းသူက သိပါတယ်။ တစ်ခါကဆို ဒီသတင်းထောက်က အဆောက်အဦနားမှာ ၈ နာရီ ကြာအောင် စောင့်ဆိုင်းနေဖူးတယ်လို့ ပြော ပါတယ်။ "သူတို့ မလုပ်တာရော ရှိသေးရဲ့လား" လို့ ကားမောင်းသူက အံ့သြ တကြီးနဲ့ ပြောပါတယ်။

ကျွန်မတို့နေရာနဲ့ နီးလာပြီး ကားဂိုဒေါင်ထဲကို သွားဖို့အတွက် ကွေ့လိုက် တဲ့ အချိန်မှာ ကားမောင်းသူက ကျွန်မကို ကားပြတင်းပေါက် တွေကို မျက်နှာလွှဲထားလိုက်ဖို့ ပြောပါတယ်။ အထူးစုံစမ်းရေးနဲ့ စကားပြောဖို့ အတွက် ကျွန်မကို တစ်ရက်လုံးလုံး အချိန်ပေးဖို့ ပြောထားပါတယ်။ ကျွန်မ ဘယ်လောက် ကြာကြာ ထွက်ဆိုရမယ်၊ ဘယ်လောက်ကြာကြာ ကျွန်မ အဖြေတွေကို တခြားတစ်ယောက် အဖြေတဲ့ တိုက်ဆိုင် စစ်ဆေးမယ် ဆို တာ ဘယ်သူမှ မသိပါဘူး။ ဘယ်လောက်ပဲ ကြာပါစေ ကျွန်မကတော့ အဆင်သင့်ပါ။ ဒီနေရာကို ရောက်လာတယ် ဆိုတာလည်း ကျွန်မရဲ့ကိုယ်ပိုင် ဆုံးဖြတ်ချက် ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ တစ်နှစ်ကစပြီး ကျွန်မသိတဲ့အကြောင်းတွေ ဖွင့်ပြောပြီး မှောင်မိုက်နေတဲ့ နေရာမှာ အလင်းရောင် ထွန်းညှိပေးတဲ့ သတင်းပေး ဖွင့်ချ ပြောဆိုသူ လုပ်မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီလိုလုပ်တာက ကမ်းဘရစ် အနာလိုက်တီကာ လုပ်ခဲ့သမျှကို ကျွန်မအမှန်အတိုင်း သိတာရယ်၊ ကျွန်မ လမ်းလွှဲရောက်ခဲ့တာရယ် ကြောင့်ဖြစ်ပါတယ်။ ကျွန်မ ပါဝင်ခဲ့တာတွေကို ပြန်လည်ပြုပြင်ဖို့ တစ်ခုတည်းသော နည်းလမ်းဖြစ်လို့လဲ ကျွန်မဒီလို လုပ်ရ တာပါ။ ဒါပေမဲ့ အကြောင်းပြချက်တွေ အားလုံးထက် ပိုခိုင်မာတာက ကျွန်မပြောပြသမျှ နားထောင်မယ့် လူတွေအတွက် သင်ခန်းစာယူဖို့၊ နောင် လာမယ့် အရာတွေအတွက် ပြင်ဆင်နိုင်ဖို့ ဖြစ်ပါတယ်။ ကမ်းဘရစ် အနာ

လိုက်တီကာ ဘယ်လို လည်ပတ်ခဲ့တယ်၊ ဘစ်ဒေတာက ဘယ်လိုအန္တရာယ် ရှိတယ်ဆိုတဲ့ သတိပေးချက်ကို ပြုလုပ်ဖို့ရာက ကျွန်မရဲ့ လက်ရှိ ဦးတည်ချက် ဖြစ်ပါတယ်။ ဒါမှသာ လာမယ့် ရွေးကောက်ပွဲတွေမှာ နှစ်ဖက် စလုံးက မဲပေးသူတွေက ကျွန်မတို့ ဒီမိုကရေစီကို ဆန့်ကျင်နေတဲ့ ဒေတာ စစ်ပွဲအကြောင်းကို နားလည်မှုဖြစ်ပါတယ်။

ကားမောင်းသူက ကားဂိုဒေါင်ရဲ့ အတွင်းဘက်ကို ရောက်အောင် အဝိုင်း ပတ် ပြီးမောင်းနေပါတယ်။ ဘာကြောင့်များ အတွင်းဘက်ထိ မောင်းနေရ တာလဲ။ ဟုတ်တာပေ့ါ၊ ဒီနေ့ခေတ်မှာ လူတွေရဲ့ ကိုယ်ရေးအချက်အလက် လုံခြုံမှုဆိုတာ ခက်ခက်ခဲခဲ လုပ်ယူရတဲ့ အရာဆိုတာ ကျွန်မသိခဲ့ပြီးပြီပဲ။

***

## အခန်း (၁)
## နောက်ကျတဲ့ နေ့လယ်စာ

၂၀၁၄ အစောပိုင်း

ကျွန်မပထမဆုံးအကြိမ် အလက်ဇန္ဒြား နစ်(စ)ကို တွေ့ဖူးတာက ထူထဲလှတဲ့ မှန်တံခါးချပ်တွေက တစ်ဆင့်ပါ။ ဒါကလည်း သူ့လို လူတစ်ယောက်ကိုကြည့်ဖို့ အကောင်းဆုံး မြင်ကွင်းပါပဲ။ အဲဒီနေ့ ကျွန်မရဲ့ အရမ်းရင်းနှီးတဲ့ သူငယ်ချင်းဖြစ်တဲ့ ချက်စတာ ဖရီးမန်း စီစဉ်ထားတဲ့ နေ့လယ်စာကို ကျွန်မနောက်ကျပြီးမှ ရောက်သွားပါတယ်။ အဲဒီမှာ ချက်စတာရဲ့ တခြားမိတ်ဆွေ ၃ ယောက်လည်း ရှိနေပါတယ်။ အဲဒီထဲက ၂ ယောက်ကိုတော့ သိပြီး ကျန်တစ်ယောက်ကိုတော့ မတွေ့ဖူးပါဘူး။ သူတို့အားလုံးဟာ နိုင်ငံရေးနဲ့ လူမှုကွန်ရက်မှာ ကျွမ်းကျင်တဲ့ ပညာရှင်တွေကို ရှာနေကြတာပါ။ ကျွန်မအနေနဲ့ နိုင်ငံရေးနဲ့ လူမှုကွန်ရက်ကို ကျွန်မရဲ့ ကျွမ်းကျင်တဲ့ ဧရိယာအဖြစ် ယူဆထားပြီးသားပါ။ ဘာလို့လဲဆိုတော့ အိုဘားမားရဲ့ ၂၀၀၈ ကမ်ပိန်းရဲ့ ဒီဂျစ်တယ် မီဒီယာအဖွဲ့မှာ ပါဝင် အလုပ်လုပ်ခဲ့လို့ပါပဲ။ အခုအချိန်မှာတော့ ကျွန်မရဲ့ ပီအိတ်(ချ)ဒီ စာတမ်းအတွက် သုတေသန လုပ်နေသလို လစာကောင်းကောင်း အလုပ်တစ်ခုရဖို့လည်း ရှာနေတဲ့အချိန် ဖြစ်ပါတယ်။ ကျွန်မရောက်တဲ့ အချိန်က သူတို့နေလယ်စာ စားပြီးလို့ စကားစမြည် ပြောတဲ့အချိန် ဖြစ်နေပါပြီ။ ချက်စတာလိုပဲ သူ့မိတ်ဆွေ ၂ ယောက်က အလယ်အာရှ နိုင်ငံတစ်ခုကပါ။ သူတို့ လန်ဒန်ကို စီးပွားရေး ကိစ္စနဲ့လာရင်း ချက်စတာကနေတစ်ဆင့် သူတို့နိုင်ငံရဲ့လာမယ့် ရွေးကောက်ပွဲအတွက် (အီးမေးလ်

နဲ့ ဆိုရှယ်မီဒီယာကမ်ပိန်း) အတွက် အလုပ်လုပ်ပေးနိုင်မယ့် သူတွေနဲ့ ချိတ်ဆက်ဖို့ ရောက်နေကြတာပါ။ သူတို့အားလုံးကို ကျွန်မကောင်းကောင်း မရင်းနှီးပေမဲ့ သူတို့အားလုံးဟာ အရှိန်အဝါ ကြီးမားတဲ့ ကျွန်မတွေ့ခဲ့ဖူးတဲ့ သူတွေလိုပဲဆိုတာ သိနေပါတယ်။ ချက်စတာဟာ မကြာသေးခင်ကမှ သူ့နိုင်ငံရဲ့ ကုန်သွယ်ရေးနဲ့ စီးပွားရေး သံတမန်အဖြစ် သူ့ဝန်ကြီးချုပ် ခန့်အပ်လိုက်တာပါ။ သူ့အောင်မြင်မှုအပေါ် ဂုဏ်ယူရင်း သူနဲ့ကျွန်မ စတွေ့ခဲ့တဲ့ အကြောင်း တွေးမိနေပါတယ်။

၂၀၀၈ အမေရိကန် ဒန်ဗာမှာလုပ်တဲ့ရဲ့ ဒီမိုကရက်တစ်ပါတီ ညီလာခံတုန်းက ချက်စတာဟာ ဆံပင်တွေ ရှုပ်ပွနေတဲ့ ၁၉ နှစ်အရွယ် ကောင်လေးတစ်ယောက်ပဲ ရှိပါသေးတယ်။ အဲဒီတုန်းက ကျွန်မက ဘရွန့်ကို(စ) ဘောလုံးကွင်းမှာ ဟီလာရီနဲ့ အိုဘားမား လာတာက စောင့်နေရင်းနဲ့ သူနဲ့စတွေ့ကြပြီး မိတ်ဆွေဖြစ်လာ ကြတာပါ။ သူနဲ့ကျွန်မမှာ တူညီတဲ့ ရည်ရွယ်ချက်တွေ ရှိကြပါတယ်။ သူရော ကျွန်မရော နိုင်ငံတကာ နိုင်ငံရေးနဲ့ သံတမန်ဆိုင်ရာ အလုပ်တွေမှာ အောင်မြင်တဲ့သူတွေ ဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေ အတူတူထားခဲ့ကြတာပါ။ မကြာသေးခင်ကတော့ ချက်စတာသူရဲ့ သံတမန် ခန့်အပ်လွှာကို ကျွန်မဆီ ဂုဏ်ယူစွာနဲ့ ပို့လာပါတယ်။ ကျွန်မကိုယ်တိုင်လည်း အခုအချိန်မှာ ကိုယ်ရည်ရွယ်ထားတဲ့ နယ်ပယ်မှာ ခြေလှမ်းချမိနေပြီလို့ ပြောလို့ရပါတယ်။ ချက်စတာနဲ့ကျွန်မ အပြင်မှာ ရပ်စကား ပြောနေရင်းနဲ့ သူ့မိတ်ဆွေထဲက ကျွန်မမသိတဲ့ တစ်ယောက်ကို သူလှမ်းဖိတ်ခေါ်လိုက်ပါတယ်။ ဒီပုဂ္ဂိုလ်ဟာ ကျွန်မ ဘဝကိုရော ကမ္ဘာကြီး တစ်ခုလုံးကိုပါ ပြောင်းလဲပစ်မယ့် သူဆိုတာ အဲဒီတုန်းကတော့ မရိပ်မိခဲ့ပါဘူး။

ချက်စတာက သူ့နာမည်က အလက်ဇန္ဒား နစ်(စ) လို့ခေါ်ကြောင်း၊ လက်ရှိမှာ ဗြိတိန်ခြေစိုက် ရွေးကောက်ပွဲ ကုမ္ပဏီရဲ့ အမှုဆောင် အရာရှိချုပ်

ဖြစ်ကြောင်း၊ အဲဒီ ကုမ္ပဏီရဲ့ မိခင်ကုမ္ပဏီကတော့ အက်(စ)ဆီအယ်(လ) ကုမ္ပဏီ အုပ်စု၊ မဟာဗျူဟာမြောက် ဆက်သွယ်ရေး ကုမ္ပဏီ (Strategic Communication Laboratories) လို့ခေါ်ကြောင်း ကျွန်မကို ရှင်းပြပါတယ်။ သူက ဆက်ပြောတာက အက်(စ)ဆီအယ်(လ)က သက်တမ်း ၂၅ နှစ်ကျော်ရှိတဲ့ ကုမ္ပဏီဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းက နိုင်ငံတွေရဲ့ စစ်ရေးဆိုင်ရာ ပရောဂျက်တွေအပြင် နိုင်ငံအသီးသီးက ရွေးကောက်ပွဲတွေ အတွက်လည်း အလုပ်လက်ခံ လုပ်ပေးတဲ့အကြောင်း ပြောပြပါတယ်။ အက်(စ)ဆီအယ်(လ) ရဲ့ အခြေခံ လုပ်ဆောင်မှုကတော့ နိုင်ငံတွေရဲ့ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေကို ရွေးကောက်ခံရအောင် လုပ်ပေးတာနဲ့၊ သူတို့ အာဏာတည်မြဲအောင် လုပ်ပေးတဲ့ ကုမ္ပဏီဆိုတာ ကျွန်မသဘောပေါက် လာပါတယ်။ မကြာခင်ကပဲ အက်(စ)ဆီအယ်(လ) ကုမ္ပဏီ အုပ်စုက ချက်စတာတို့ နိုင်ငံရဲ့ ဝန်ကြီးချုပ် ရွေးကောက်ပွဲအတွက် အလုပ် လုပ်ပေးနိုင်ကြောင်း ပြောပြလို့ ချက်စတာနဲ့ နစ်(စ)တို့ရဲ့ သိကျွမ်းမှုကို ကျွန်မသဘောပေါက် လာပါတယ်။ ချက်စတာနဲ့ ကျွန်မတို့ စကားပြောနေတဲ့ အချိန်ထိ နစ်(စ)က အထဲမှာ ဖုန်းပြောနေတုန်းပါ။ သူ့ကြည့်ရတာ အရမ်း အလုပ်ရှုပ်နေပေမဲ့ ပရော်ဖက်ရှင်နယ် ဆန်တဲ့ အမူအရာအပြည့် ရှိနေပါတယ်။ ချက်စတာကတော့ မင်းသူ့ကို တွေ့ချင်မှာပါလို့ ပြောပါတယ်။

ကျွန်မသူ့ကို စောင့်နေရင်းက ဒီလိုကုမ္ပဏီတစ်ခုရဲ့ အမှုဆောင်အရာရှိချုပ်ဆိုတာ ဘယ်လိုအလုပ်များ လုပ်ပါလိမ့်လို့ တွေးနေမိပါတယ်။ ရွေးကောက်ပွဲ ကုမ္ပဏီဆိုတာ ကျွန်မတစ်သက်မှာ ဒါပထမဆုံး စကြားဖူးတာပါ။ ကျွန်မ အိုဘားမား ကမ်ပိန်းအတွက် အလုပ်လုပ်ခဲ့စဉ်က ကမ်ပိန်းမန်နေဂျာဆိုတာ ရွေးကောက်ပွဲ ကမ်ပိန်းတစ်ခုအတွက် မဲဆွယ်စည်းရုံးရေးတွေ လုပ်ပေးရတယ် ဆိုတာလောက်ပဲ သိထားတာပါ။ ၂၀၀၈ အိုဘားမား

ကမ်ပိန်းပြီးတော့ ဒေးဗစ်အိတ်(စ)ရော့လိုမျိုး ပရော်ဖက်ရှင်နယ် ကမ်ပိန်း အကြံပေးတွေနဲ့ သိကျွမ်းခဲ့ ဖူးပါတယ်။ ဒေးဗစ်အိုဘားမားရဲ့ မဟာဗျူဟာ အဖွဲ့ခေါင်းဆောင်ပါ။ အဲဒီကနေ ဗြိတိန်လေဘာ ပါတီရဲ့ အကြံပေး ဆက် လုပ်ပါတယ်။ ဂျင်(မ) မက်ဆီလာကဆိုရင် ဒေးဗစ်ကို ဝါရှင်တန်ရဲ့ ဩဇာ အကြီးမားဆုံး ပုဂ္ဂိုလ်ပဲလို့ သူ့ကို ရည်ညွှန်းခဲ့ပါတယ်။ ၂၀၁၂ အိုဘားမား ကမ်ပိန်းပြီးတော့ သူက အိမ်ဖြူတော်ရဲ့ အရာရှိချုပ် ဖြစ်လာပါတယ်။ အဲဒီ ကနေတစ်ဆင့် ဒေးဗစ်ကမ်မရွန်၊ သီရေဆာမေတို့ရဲ့ အကြံပေးအဖြစ်ထိ သူ အောင်မြင်ခဲ့ပါတယ်။ ဒေးဗစ်လိုလူမျိုးရဲ့ အလုပ်ကို ကျွန်မ နားလည်ပေမဲ့ ကုမ္ပဏီတစ်ခုလုံးက လူတစ်ယောက် ရွေးကောက်ခံရရေး အတွက် ဝိုင်း အလုပ် လုပ်ကြတယ်ဆိုတဲ့ အဖြစ်ကိုတော့ ကျွန်မ မကြုံဖူးသေးပါဘူး။ အလက်ဇန္ဒား နစ်(စ) ကို ကြည့်ရတာ သမားရိုးကျ စီပွားရေးသမားပုံ မ ပေါက်ပါဘူး။ ဗြိတိန်မှာဆိုရင် သူ့ပုံစံကို ပို့စ်(ရှ) (posh) လို့ ပြောကြမှာပါ။ (Posh- စတိုင်ကျပြီး ချမ်းသာကြွယ်ဝသော)။ သူက နက်ပြာရောင်ကုတ်နဲ့ ပိုးသားနက်တိုင်ကို ဝတ်ဆင်ထားပါတယ်။ သူ့ရဲ့တစ်ကိုယ်လုံး အပေါ်ကနေ အောက် ဖိနပ်အထိ ပြောင်လက်နေပါတယ်။

သူ့ဘေးမှာတော့ ရှေးပုံစံ ကြေးသော့ပါတဲ့ သားရေအိတ်တစ်လုံး ရှိနေပါ တယ်။ ကျွန်မကိုယ်တိုင်က အမေရိကန်သွေး ၁၀၀ ရာခိုင်နှုန်းအပြည့် ပါပေ မဲ့ အထက်တန်းကျောင်း ပြီးကတည်းက အင်္ဂလန်မှာ နေခဲ့တာဆိုတော့ အင်္ဂလိပ်တွေရဲ့ လူနေမှုပုံစံကို ကောင်းကောင်း ရင်းနှီးပါတယ်။ နစ်(စ)ရဲ့ ပုံစံ လန်ဒန် အထက်တန်းလွှာရဲ့ အထက်တန်းပိုကျတဲ့ အလွှာလို့ ပြောရ မယ့် ပုံစံထဲကပါ။ သူ့ရဲ့စူးရှတဲ့ အပြာရောင် မျက်လုံး၊ သေးသေးသွယ်သွယ် ကိုယ်နေဟန်ထားက ဘဝမှာ စိတ်ဆင်းရဲစရာ ဘာတစ်ခုမှ မတွေ့ဖူးသလိုပါ ပဲ။ ကျွန်မ သူ့အသက်ကို ခန့်မှန်းကြည့်ပါတယ်။ ချက်စတာပြောစကား အရ

ဆိုရင် သူက ကျွန်မထက် ၁၀ စုနှစ် တစ်ခုလောက် ပိုကြီးမှာပါ။ နစ်(စ)ဖုန်း ပြောပြီး သွားတာနဲ့ ကျွန်မကို ငယ်ပေါင်းကြီးဖော်လိုပဲ ရင်းရင်းနှီးနှီး နှုတ်ဆက်ပါတယ်။ သူရောက်တာ နောက်ကျပေမဲ့ ကျွန်မတို့ ပြောနေတဲ့ စကားဝိုင်းမှာ သူပါဝင်ဖို့ ကြိုးစားပါတယ်။ မကြာခင်မှာပဲ စကားဝိုင်းကို နစ်(စ) က ဦးဆောင်သွားပါတယ်။

ကျွန်မကိုယ်တိုင် အကြံပေးအလုပ်အတွက် သင်ယူခဲ့တာဆိုတော့ နစ်(စ) ရဲ့ စကားပြောဟန် ဘာဆိုတာ ကျွန်မသိပါတယ်။ ကျွန်မတို့ရဲ့ ဖောက်သည် ကို ဘယ်လိုစကား ပြောရမယ်၊ ဘယ်လို အကြံပေးရမယ်ဆိုတာ သင်ယူခဲ့ရ ပေမဲ့ ကျွန်မကိုယ်ကျွန်မ နစ်(စ)နဲ့ ယှဉ်ကြည့်လိုက်တော့ သူ့တစ်ဝက်တောင် ကျွန်မ မထူးချွန်တာ သိလိုက်ရပါတယ်။ သူက သူ့ကုမ္ပဏီ အက်(စ)ဆီ အယ်(လ) ရဲ့ ရာဇဝင်အရှည်ကြီးကို ပြောပြပါတယ်။ အက်(စ)ဆီ အယ်(လ)ကို ၁၉၉၃ ကတည်းက တည်ထောင်ခဲ့ပြီး အဲဒီကစလို့ အက်(စ)ဆီ အယ်(လ) ပါဝင်ခဲ့တာ ရွေးကောက်ပွဲပေါင်း ၂၀၀ ကျော်ပါပြီ။ အက်(စ)ဆီ အယ်(လ) အနေနဲ့ နိုင်ငံပေါင်း ၅၀ကျော်မှာ နိုင်ငံတွေရဲ့ ကာကွယ်ရေး၊ နိုင်ငံရေး၊ လူသားချင်း စာနာမှုဆိုင်ရာ ပရောဂျက်တွေကို လုပ်ခဲ့ပါတယ်။ နစ်(စ) ပြောပြနေတဲ့ သူတို့ ပါဝင်ခဲ့တဲ့ နိုင်ငံတွေက အာဖဂန်နစ္စတန်၊ ကိုလမ်ဘီယာ၊ အိန္ဒိယ၊ ကင်ညာ၊ လက်ဗီးယား၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ထရီနီဒတ်နဲ့ တိုဘာကိုးတို့ ဖြစ်ပါတယ်။ နစ်(စ) ကိုယ်တိုင်လဲ အက်(စ)ဆီအယ်(လ)မှာ ၁၁နှစ်ကျော် ရှိနေပါပြီ။ သူ့အတွေ့အကြုံနဲ့ အလုပ် တွေအကြောင်း ကြားရတာ ကျွန်မအတွက်တော့ အထူးအဆန်းတွေ ချည်း ပါပဲ။ ကိုယ့်ကိုယ်ကိုယ်လည်း သိမ်ငယ်စိတ် ဝင်မိပါတယ်။ အက်(စ)ဆီ အယ်(လ) စတည်ထောင်တုန်းကဆို ကျွန်မ ၆ နှစ်၊ မူကြိုကျောင်းမှာပဲ ရှိပါ သေးတယ်။ ကျွန်မရဲ့ အိုဘားမားကမ်ပိန်းနဲ့ နိုင်ငံတကာ ပရောဂျက်တွေမှာ

ပါဝင်ခဲ့တဲ့ အတွေ့အကြုံတွေက နစ်(စ)နဲ့ယှဉ်ရင် ဘာမှ မပြောပလောက်ပါဘူး။ နစ်(စ)အခုဆိုရင် ငါတို့ကုမ္ပဏီက အမေရိကားအတွက် စအလုပ်လုပ်နေပြီလို့ ပြောပါတယ်။ အက်(စ)ဆီအယ်(လ)က အမေရိကားမှာ ရုံးဖွင့်ပြီးပါပြီ။ နစ်(စ)ရဲ့ ရေတိုရည်မှန်းချက် အမေရိကန်နဲ့ နှစ်လယ် ရွေးကောက်ပွဲတွေမှာ တတ်နိုင်သလောက် ပါဝင်ပြီး သမ္မတရွေးကောက်ပွဲမှာ ပါဝင်နိုင်ဖို့အထိ ထိုးဖောက်သွားဖို့ပါ။ သူ့အနေနဲ့ နှစ်လယ် ရွေးကောက်ပွဲအတွက် ဖောက်သည်တချို့ရပြီးထားပါပြီ။ အာကင်စော ပြည်နယ်အမတ် တွန်ကော်တွန်ဆိုရင် သူဖောက်သည်ပါ။ လာမယ့် ဆီးနိတ် ရွေးကောက်ပွဲမှာ ဝင်ပြိုင်ပါမယ်။ မြောက်ကာရိုလိုင်းနားက အမတ်တွေနဲ့လည်း ချိတ်ဆက်ပြီးတဲ့ အပြင်ဩဇာကြီးတဲ့ အမေရိကန်ဆိုင်ရာ ကုလသံအမတ် ဂျွန်ဘော်(လ)တန်နဲ့လည်း အဆက်အသွယ် လုပ်ပြီးပါပြီ။ ကျွန်မ ကော်ဖီသောက်နေရင်းနဲ့ နစ်(စ)ရဲ့ဖောက်သည်တွေကို စိတ်ထဲကနေ ချရေးကြည့် နေပါတယ်။ သူတို့အားလုံးဟာ ရီပဘလစ်ကန်တွေ ချည်းပါပဲ။ ကျွန်မယုံကြည် ထောက်ခံတဲ့ ဒီမိုကရက်နဲ့တော့ ဆန့်ကျင်ဘက်တွေချည်းပါပဲ။ နစ်(စ)လုပ်နေတဲ့ အထူးအဖွဲ့အစည်းတွေဖြစ်တဲ့ သေနတ်ဆန့်ကျင် ရေးလိုမျိုး အလုပ်တွေ ကြားတော့မှ ကိုယ်နဲ့ကိုက်တာ ရှိပါသေးလားလို့ စိတ်သက်သာရာ ရပါတော့တယ်။ နစ်(စ) သူကိုယ်တိုင်ရော၊ သူ့ကုမ္ပဏီ အတွက်ရော ဂုဏ်ယူနေပါတယ်။ သူအရမ်းကို အလုပ်များနေပြီး အနာဂတ်မှာ အက်(စ)ဆီအယ်(လ)ကနေ အမေရိကန် တစ်နိုင်ငံတည်းကို အာရုံစိုက်နိုင်မယ့် ကုမ္ပဏီတစ်ခုထွက်ပေါ်လာဖို့ ကြိုးစားနေတယ်လို့ ပြောပါတယ်။ အဲဒီကုမ္ပဏီကတော့ ကမ်းဘရစ် အနာလိုက်တီကာလို့ ခေါ်ပါတယ်။

ကမ်းဘရစ် အနာလိုက်တီကာကို တည်ထောင်တာ တစ်နှစ်တောင် မပြည့်သေးပါဘူး။ ဒါပေမဲ့ နစ်(စ)ကတော့ ဒီကုမ္ပဏီဟာ အပြောင်းအလဲ

တစ်ခုကို ဦးဆောင်တော့မယ်၊ အဲဒီ အပြောင်းအလဲမှာ ဘစ်ဒေတာနဲ့ အနာလိုက်တစ်တွေက အဓိကနေရာက ပါဝင်မယ်လို့ ပြောပါတယ်။ နစ်(စ) ပြောတာက ဒီဂျစ်တယ် ခေတ်မှာတော့ ဒေတာရဲ့တန်ဖိုးက အရင်ခေတ်က ရေနံတန်ဖိုး ကြီးသလို တန်ဖိုးအရမ်းကြီးတယ်။ ဒေတာစုဆောင်းမှု လုပ်ရတာကလည်း လက်နက်ဝယ်ရသလိုပဲ။ ကမ်းဘရစ် အနာလိုက်တီကာ အနေနဲ့ အမေရိကန် လူထုနဲ့ပတ်သက်တဲ့ ဘယ်သူမှ ထင်မထားတဲ့ ဒေတာပမာဏကို စုဆောင်းထားပြီး ဖြစ်တယ်။ ကုမ္ပဏီရဲ့ကြောက်စရာကောင်းတဲ့ ဒေတာဘေ့(စ)ထဲမှာ ၁၈ နှစ်ပြည့်ပြီး လူတစ်ယောက်ချင်းစီရဲ့ အချက်အလက်ပေါင်း ၂၀၀၀ ကနေ ၅၀၀၀ လောက်အထိ ရယူထားပြီးသား ဖြစ်တယ်။ အဲဒီ ပမာဏက လူပေါင်း သန်း ၂၄၀ စာလောက် ရှိတယ်။ နစ်(စ)က စကားပြော ခဏရပ်ပြီး ကျွန်မတို့ အားလုံးကို အကဲခတ်သလို ကြည့်နေပါတယ်။

သူဆက်ပြောတာက ဒေတာတွေ အများကြီး ရထားတာက အဖြေ မဟုတ်သေးပါဘူး။ ဒီဒေတာတွေနဲ့ ဘာလုပ်ရမယ် ဆိုတာကို သိတာကမှ အဖြေပါ။ အဲလိုလုပ်တဲ့ နေရာမှာ ပိုပြီးသိပ္ပံနည်းကျနဲ့ ပိုတိကျတဲ့ နည်းလမ်းတွေနဲ့ လူတွေကို အုပ်စုခွဲရပါတယ်။ လူတစ်ယောက်က ဒီမိုကရက်လား၊ ပတ်ဝန်းကျင် ထိန်းသိမ်းသူ တစ်ယောက်လား၊ အကောင်းမြင်ဝါဒသမား၊ တက်ကြွ လှုပ်ရှားသူ၊ အစရှိသဖြင့် အုပ်စုခွဲရပါတယ်။ နှစ်ပေါင်းများစွာကတည်းက ကမ်းဘရစ် အနာလိုက်တီကားရဲ့ မိခင်ကုမ္ပဏီ အက်(စ)ဆီအယ်(လ) ကုမ္ပဏီအုပ်စုရဲ့ လူတွေကို အုပ်စုခွဲတဲ့ နည်းက အပြုအမူဆိုင်ရာ စိတ်ပညာရဲ့ အရမ်းကို အဆင့်မြင့်တဲ့ နည်းလမ်းတွေကို အသုံးပြုခဲ့တာပါ။ နစ်(စ)က ကျွန်မတို့ကို သူ့လုပ်ဖော် ကိုင်ဘက်တွေ အကြောင်းလည်း ပြောပြပါတယ်။ သူ့လူတွေထဲမှာ ဒေတာ သိပ္ပံပညာရှင်တွေပါတယ်။ စိတ်ပညာ

ရှင်တွေ ပါတယ်။ သူတို့က ဘယ်သူ့ကို ဘယ်အချိန်မှာ ဘယ်လို မဲဆွယ်ပို့ရမယ်ဆိုတာ ကောင်းကောင်းသိတယ်။ ကမ္ဘာပေါ်မှာ အတော်ဆုံး ဆိုတဲ့ ဒေတာသိပ္ပံ ပညာရှင်တွေကို သူငှားထားတယ်။ သူတို့က လူတစ်ယောက်ချင်းစီကို ဘယ်လိုနည်းလမ်းနဲ့ ဆက်သွယ်ရမလဲဆိုတာ သိတယ်။ လူတွေရဲ့ လက်ကိုင်ဖုန်းတွေ၊ ကွန်ပျူတာ၊ တက်ဘလက်၊ တယ်လီဗီးရှင်း အစရှိတဲ့ နည်းမျိုးစုံကိုသုံးပြီး ဆက်သွယ်ကြတယ်။ အဲဒါကို အနုစိတ် ပစ်မှတ်ထားခြင်း ( micro targeting) လို့ ခေါ်ပါတယ်။

ကမ်းဘရစ် အနာလိုက်တီကာ အနေနဲ့ လူတစ်ယောက်ချင်းစီကို သူတို့ရဲ့ အရင်ပုံစံနဲ့ မတူဘဲ စဉ်းစားစေတာ၊ ပြုမူစေတာ၊ နောက်ဆုံး အရင်နဲ့မတူတဲ့ ဘက်ကို မဲပေးစေတာအထိ လုပ်နိုင်တဲ့စွမ်းအား ရှိပါတယ်။ ဒါတွေ လုပ်ဖို့ အတွက် ဖောက်သည်ကပေးတဲ့ ပိုက်ဆံကို ကောင်းကောင်း အသုံးချရတယ်၊ ရလဒ်ကောင်းတော့ ထွက်ဖို့လိုတာပေ့ါ လို့ နစ်(စ)က ပြောပါတယ်။ နစ်(စ) စကား ပြောနေတုန်း ကျွန်မ ချက်စတာကို ကြည့်ပြီး နစ်(စ) နဲ့ ပတ်သက်ပြီး သူဘယ်လို မြင်လဲ ဆိုတာသိချင်လို့ သူ့ကို ဆက်သွယ်ဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ သူရော၊ သူ့အဖော် ၂ ယောက်စလုံးရော နစ်(စ)စကားမှာ မျောပါနေကြပြီး နစ်(စ)အပေါ် အထင်ကြီးလေးစားတဲ့ မျက်လုံးတွေကိုပဲ တွေ့လိုက်ရပါတယ်။ ကမ်းဘရစ် အနာလိုက်တီကာ အနာလိုက်တစ်က ဈေးကွက်မှာ လိုနေတဲ့ နေရာကို ဖြည့်ဆည်းဖို့ တည်ထောင်လိုက်တာပါ။ အိုဘားမားတို့ ဒီမိုကရက် လူသိုက်က ဒီဂျစ်တယ် ဆက်သွယ်တဲ့ နည်းလမ်းကို ၂၀၀၇ ကတည်းက စသုံးခဲ့ကြပါတယ်။ သူပြိုင်ဘက် ရီပါဘလစ်ကန်တွေက ဒီနည်းပညာမှာ နောက်ကျ ကျန်နေခဲ့ပြီး ၂၀၁၂ မှာ သူတို့ ဒီမိုကရက်တွေကို ရှုံးပြီးမှ သူတို့ နောက်ကျခဲ့တဲ့ နေရာကို ကမ်းဘရစ် အနာလိုက်တီကာ အကူအညီနဲ့ လိုက်ဖို့ ကြိုးစားကြတာပါ။

ချက်စတာရဲ့ သူငယ်ချင်း အလယ်အာရှ နိုင်ငံဆို အင်တာနက် အသုံးပြုမှု နည်းသေးတော့ ဘစ်ဒေတာ မရှိသေးပါဘူး။ ဒီလိုအခြေအနေမှာ အက်(စ)ဆီအယ်(လ) သူတို့အတွက် စတင်ပြီး ဆိုရှယ် မီဒီယာက တစ်ဆင့် သတင်းစကား ဖြန့်ဖြူးဖို့ စတင်လုပ်ဆောင် ပေးပါတယ်။ အဲဒါအပြင် သမားရိုးကျ မဲဆွယ်စည်းရုံးရေး နည်းလမ်းတွေဖြစ်တဲ့ မူဝါဒ ချမှတ်ပေး တာ၊ တစ်အိမ်ဆင်း တစ်အိမ်တက် မဲဆွယ်စာရွက်ဝေတာ အစအစရှိတဲ့ နည်းလမ်းတွေလည်း သုံးပေးပါသေးတယ်။ ကျွန်မအတွက်တော့ နစ်(စ) ပြောသမျှက အထူးအဆန်း အံ့သြစရာချည်းပါပဲ။ သူက လူတွေရဲ့ အချက်အလက်တွေကို သုံးပြီး နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေးတွေပါ ပြောင်းလဲနိုင်စွမ်း ရှိတယ်လို့ ပြောပါတယ်။ သူအနေနဲ့ ဘယ်ဘက်မှ မယိမ်း တဲ့ လူတစ်ယောက်ကို တစ်ဖက်ဖက် မဲပေးအောင် လုပ်ရတာ လွယ်ပါတယ် လို့ ပြောပါတယ်။ အဲလိုလုပ်တာဟာ အဲဒီလူရဲ့ ဆန္ဒကို ဆန့်ကျင်ပြီးလုပ်တာ မဟုတ်ပေမဲ့ လူတစ်ယောက်ရဲ့ ပုံမှန်ကျိုးကြောင်း ဆင်ခြင်ဉာဏ်နဲ့ သွေဖည် စေပြီး သူတို့ရဲ့အပြုအမူကို ပြောင်းပစ်တာတော့ သေချာပါတယ်။

ကျွန်မ အနေနဲ့ကတော့ ရွေးကောက်ပွဲ မဲဆွယ်ရေးအတွက် အလုပ်စလုပ် တဲ့ ပထမဆုံး ရက်ကတည်းက ဘစ်ဒေတာ အနာလိုက်တစ်ဆိုတဲ့ ဘာသာရပ်အပေါ် စိတ်ဝင်စားခဲ့တာပါ။ ကျွန်မ ကိုယ်တိုင်က ဆော့ဝဲ ရေးသားနေသူရော၊ ဒေတာ သိပ္ပံပညာရှင် မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မတို့ လို တခြား ၂၁ ရာစု မျိုးဆက်တွေလိုပဲ နည်းပညာ မျိုးစုံကို ဦးဦးဖျားဖျား ထိ တွေ့ခွင့်ရပြီး ဒီဂျစ်တယ် ဘဝမှာ ဖြတ်သန်းနေခဲ့တာပါ။ ကျွန်မကိုယ်တိုင် လည်း ရွေးကောက်ပွဲအတွက် ဒေတာကို သုံးခဲ့ဖူးပါတယ်။ ဒါပေမဲ့ သာမန် အသုံးပြုမှု လောက်ပါပဲ။ အိုဘားမားရဲ့ မီဒီယာ အဖွဲ့မှာ လစာမဲ့ အလုပ်သင် အဖြစ် အလုပ်လုပ်ပေးတဲ့အပြင် ဟောင်းဝါ့(ဒ)ဒင်းရဲ့ ရွေးကောက်ပွဲရော၊ ဂျ

န်ကယ်ရီရဲ့ သမ္မတရွေးကောက်ပွဲ၊ ပြီးတော့ အိုဘားမားရဲ့ ဆီးနိတ်ရွေးကောက်ပွဲတွေအတွက် အလုပ်လုပ်ပေး ဖူးပါတယ်။ အဲဒီအချိန်က ဆုံးဖြတ်ရခက်နေတဲ့ မဲပေးသူတွေကို အီးမေးလ်ပို့ဖို့အတွက် ဒေတာကို သာမန်လောက် သုံးဖူးပါတယ်။ ဟောင်းဝါ(ဒ)ဒင်းရဲ့ မဲဆွယ်ပွဲကတော့ ပထမဆုံးအကြိမ် အနေနဲ့ မဲပေးသူတွေကို ဆက်သွယ်ဖို့ အွန်လိုင်းကို အဓိကထား အသုံးပြုခဲ့တာပါ။

ကျွန်မရဲ့ ဒေတာအပေါ် စိတ်ဝင်စားမှုက အဲဒီအချိန်တုန်းက ခေတ်စားတဲ့ ခေတ်ပြောင်း တော်လှန်ရေး ( revolution ) ဆိုတာနဲ့ အတူတူ ယှဉ်တွဲပြီး ရှိနေပါတယ်။ အိုဘားမားကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အာဏာ လွှဲပေးတာတောင်မှ အိုဘားမား အရွေးချယ် ခံရတာဟာ ကျွန်မအတွက် ခေတ်ပြောင်း တော်လှန်ရေးကို ပထမဆုံး ထိတွေ့ခံစားမိတဲ့ အတွေ့အကြုံလို့ ပြောလို့ရပါတယ်။ အိုဘားမား ပထမအကြိမ် သမ္မတအဖြစ် ရွေးချယ်ခံရတဲ့ညက ချီကာဂိုမှာ ကျွန်မပါ အတူတူ ရှိနေပါတယ်။ လူမည်းတစ်ယောက် သမ္မတဖြစ်လာတာကို နိုင်ငံရေး အာဏာသိမ်းခံ ရတယ်လို့ ခံစားရသူတွေလည်း အဲဒီအချိန်က သန်းနဲ့ချီ ရှိပါတယ်။ ကျွန်မ ကျောင်းသားဘဝက ဟောင်ကောင်မှာ တစ်နှစ်ကျောင်းသွား တက်ဖူးပါတယ်။ အဲဒီတုန်းက မြောက်ကိုရီးယားကနေ ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေကို တရုတ်နိုင်ငံရဲ့ မြေအောက်ရထားလမ်းကနေတစ်ဆင့် ဘေးကင်းရာကို ပို့ပေးတဲ့ အလုပ်ကို စေတနာ့ဝန်ထမ်းအဖြစ် လုပ်ဖူးပါတယ်။ ဘွဲ့ရပြီးပြီးချင်းပဲ တောင်အာဖရိကကို ထွက်ခွာခဲ့ပါတယ်။ အဲဒီမှာ လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်တဲ့ တက်ကြွ လှုပ်ရှားသူတွေနဲ့ အတူတူ ပရော့ဂျက်တစ်ခုကို အတူတူ လုပ်ဖူးပါတယ်။ အာရပ် နွေဦးတော်လှန်ရေး အပြီးမှာလည်း ကဒါဖီအလွန် လစ်ဗျားအတွက် အလုပ်လုပ်ပေးဖူးပါတယ်။ ဒီလိုအလုပ်တွေ လုပ်ရင်းနဲ့ ကျွန်မရဲ့လွတ်လပ်ပြီး မှီခိုမှု

ကင်းတဲ့ သံတမန်လုပ်ငန်းအပေါ် စိတ်ဝင်စားမှုက ကြီးထွားလာပါတယ်။ ကျွန်မမှာ ကိုယ့်ကိုယ်ကိုယ် အစွန်း ၂ ခုရဲ့ အလယ်မှာ နေတတ်တဲ့ ထူးဆန်းတဲ့ အကျင့်တစ်ခု ရှိနေပုံ ရပါတယ်။ ကျွန်မလေ့လာ ခဲ့ဖူးတဲ့ အထဲက တရားမျှတမှုကို ရှာဖွေတာ၊ လာဘ်စားမှုကို တိုက်ဖျက်တာ၊ ဒုစရိုက်တွေကို ဖော်ထုတ်တာတွေအတွက် ဒေတာကို အကျိုးရှိရှိ သုံးလို့ရပါတယ်။

၂၀၁၁ ကျွန်မရဲ့ မဟာဘွဲ့စာတမ်း ရေးတုန်းက ဝီကီလိရဲ့ အစိုးရတွေဆီက ပေါက်ကြားတဲ့ သတင်းအချက်အလက်တွေကို စာတမ်းရဲ့ အဓိက သတင်းအရင်း အမြစ်အဖြစ် သုံးဖူးပါတယ်။ အဲဒီဒေတာ တွေကတော့ အီရတ်စစ်ပွဲတုန်းက လူသားတုန်း သတ်ဖြတ်မှုတွေ ဖြစ်ပေါ်ခဲ့တဲ့ဆိုတာ ဖော်ပြနေပါတယ်။ ၂၀၁၀ ကစပြီး ဟက်ကာ လှုပ်ရှားမှုလို့ ခေါ်ရမယ့် ဝီကီလိ(ခ) တည်ထောင်သူ ဂျူလီယမ်အားဆန်းက လူသားတုန်း သတ်ဖြတ်မှုတွေ ကျူးလွန်ခဲ့တဲ့ အစိုးရတွေကို သူတို့ရဲ့ အဓိက လျှို့ဝှက် အချက်အလက်တွေ ဖွင့်ချပြီး စစ်ကြေညာပါတယ်။ အဓိက ထိုးနှက်ချက်ကတော့ အမေရိကန် အစိုးရနဲ့ စစ်တပ်ကိုပေါ့။ အခု ကျွန်မရဲ့ သံတမန်နဲ့ လူ့အခွင့်အရေးဆိုင်ရာ ပါရဂူဘွဲ့ စာတမ်းအတွက် ဘစ်ဒေတာနဲ့ နိုင်ငံရေး အခြေအနေတွေ ပေါင်းစပ်ပြီး ဒေတာက လူ့အသက်တွေ ဘယ်လို ကယ်တင်နိုင်မလဲ ဆိုတာကို လေ့လာနေပါတယ်။ ကျွန်မ အထူးစိတ်ဝင် စားတာကတော့ ကာကွယ်နိုင်မယ့် သံတမန်ဆက်ဆံရေး ( Preventive diplomacy) ဆိုတဲ့ ခေါင်းစဉ်ပါ။ ကုလသမဂ္ဂနဲ့ တခြား အန်ဂျီအို အဖွဲ့တွေ ပူးပေါင်းပြီး အချိန်နဲ့ တစ်ပြေးညီ ဒေတာကို ဘယ်လိုသုံးပြီး ၁၉၉၄ ရဝမ်ဒါမှာ ဖြစ်ခဲ့တဲ့ လူမျိုးတုံးသတ်ဖြတ်မှုလိုမျိုး အဖြစ်အပျက်တွေကို ဘယ်လိုတားဆီး နိုင်မလဲဆိုတာ အဖြေရှာဖွေ နေကြပါတယ်။

ဒေတာကို ကာကွယ်ရေး အမြင်နဲ့ စောင့်ကြည့်ခြင်း ( preventive ဒေတာ

monitoring) မှာ ပေါင်မုန့်ဈေးနှုန်း မြင့်တက်သွားတာကနေ တွစ်တာပေါ်မှာ လူမျိုးရေးခွဲခြားတဲ့ စကားတွေအထိ ပါဝင်ပါတယ်။ ဒီဒေတာတွေကို အသုံးချပြီး သက်ဆိုင်ရာ အဖွဲ့အစည်းတွေအနေနဲ့ ပြဿနာတွေ ဆိုးရွားမလာခင် ကြိုတင်ကာကွယ် တားဆီးနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒေတာတွေကို သေသေချာချာ စုဆောင်းပြီး ဆန်းစစ်နိုင်မယ်ဆိုရင် လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ စစ်ရာဇဝတ်မှုတွေ၊ နောက်ဆုံး စစ်ပွဲတွေ မဖြစ်အောင်အထိ တားဆီးနိုင်ပါ လိမ့်မယ်။ ကျွန်မအနေနဲ့ နစ်(စ) ပြောပြနေတဲ့ အက်(စ)ဆီအယ်(လ) ကုမ္ပဏီ အုပ်စုရဲ့ ဒေတာပိုင်ဆိုင်မှုတွေရဲ့ အကျိုးဆက်ကို ပြောစရာ မလိုအောင်ကို သေသေချာချာ နားလည်ပါတယ်။ သူရဲ့ ဒေတာအပေါ် ပြောဆိုမှုတွေ၊ သူ့ရဲ့ ရီဖော်လူးရှင်းအပေါ် သုံးသပ်တဲ့ စကားလုံးတွေက ကျွန်မအတွက်တော့ သူ့ရည်ရွယ်ချက်နဲ့ အန္တရာယ် မကင်းတဲ့ နည်းလမ်းတွေအပေါ် စိတ်မသက်မသာ ဖြစ်စေပါတယ်။ နစ်(စ) သူ့ ကုမ္ပဏီအကြောင်း မပြောဖြစ်တဲ့ အချိန်မှာတော့ သူနဲ့ကျွန်မရဲ့ အရင်အလုပ်တွေအကြောင်း စကားစမြည် ပြောဖြစ်ပါတယ်။ နစ်(စ)က ကျွန်မရဲ့ အရင်အလုပ်တွေအကြောင်း အသေးစိတ် မမေးတာကပဲ ကျွန်မကို စိတ်သက်သာရာ ရစေပါတယ်။ နစ်(စ)အလုပ် လုပ်ပေးနေတဲ့ လူအားလုံး လိုလိုဟာ အမေရိကားမှာတော့ ကျွန်မ မထောက်ခံသူတွေ ချည်းပါပဲ။

ကျွန်မစိတ်ထင် ချက်စတာရဲ့ မိတ်ဆွေတွေက နစ်(စ)ကို ရွေးချယ်လိမ့်မယ် မထင်ပါဘူး။ ဘာလို့လဲဆိုတော့ နစ်(စ) ရဲ့ ပြောပုံဆိုပုံတွေက သူတို့နိုင်ငံအတွက်ဆိုရင် သိပ်ကို ကြီးကျယ်နေပြီး မဖြစ်နိုင်ဘူးလို့ ထင်စရာတွေပါ။ နစ်(စ) ကျွန်မတို့ရဲ့ တွေ့ဆုံပွဲကနေ ပြန်ဖို့ပြင်ဆင်နေတော့ ကျွန်မတို့အားလုံးသူကို နှုတ်ဆက်ဖို့ လုပ်ကြပါတယ်။ အပြင်ဘက် အေးနေတဲ့ ရာသီဥတုထဲမှာ ကျွန်မတို့အားလုံး ဘာမှမပြောဖြစ်ဘဲ မိနစ်အနည်းငယ်

လောက် ဒီအတိုင်း ရပ်နေကြပါတယ်။ အဲဒီလို ဖြစ်တာကို သည်းခံနိုင်လေ့ မရှိတဲ့ ချက်စတာက "ဟော့၊ ငါ့ရဲ့ ဒီမိုကရက်တစ် အကြံပေး သူငယ်ချင်းနဲ့ ဒီဘက်က ရီပါဘလစ်ကန် သူငယ်ချင်းတို့ အတူတူ တွေ့ဆုံသင့်တယ်"လို့ ထပြီး အရွှန်းဖောက် ပါတော့တယ်။ နစ်(စ)ရဲ့ ချက်စတာကို လှမ်းကြည့်လိုက်ပုံက ထူးဆန်းပြီး စိတ်အနှောင့်အယှက် ဖြစ်သွားပုံ ရပါတယ်။

နစ်(စ)သူ့အိတ်ထဲ လက်နှိုက်လိုက်ပြီး ပြန်ထုတ်လိုက်တော့ လိပ်စာကတ်တွေ အထပ်လိုက် ပါလာပါတယ်။ အဲဒီထဲကမှ သူ့လိပ်စာကတ်ကို ရွေးချယ်ပြီး ကျွန်မကို လှမ်းပေးလိုက်ပါတယ်။ သူ့လိပ်စာကတ်မှာတော့ အလက်ဇန္ဒား ဂျိမ်းအက်(ရှ)ဘာနာ နစ်(စ)လို့ နာမည်အပြည့်အစုံ ရေးထားပါတယ်။ အဲလိုပေးပြီးတော့ "ကျွန်တော် ခင်ဗျားကို အရက်မူးအောင်တိုက်ပြီး ခင်ဗျားရဲ့ လျှို့ဝှက်ချက်တွေ ခိုးဦးမှပဲ" လို့ စနောက်ပြီး ပြောလိုက်ပါတယ်။ ကျွန်မအတွက်တော့ သူဒီလို ပြောတာဟာ တစ်ဝက်ပဲ စနောက်တဲ့ သဘောပါတယ်လို့ ထင်လိုက်မိပါတော့တယ်။

***

## အခန်း (၂)
## အလုပ်စတင်ဝင်ရောက်ခြင်း

အောက်တိုဘာ - ဒီဇင်ဘာ ၂၀၁၄

နစ်(စ)နဲ့တွေ့ပြီး လတော်တော် ကြာတဲ့အထိ ကျွန်မမှာ မိသားစုငွေကြေး အခက်အခဲကို ဖြေရှင်းနိုင်မယ့် အလုပ်မရှိသေးပါဘူး။ ဒါနဲ့ပဲ ၂၀၁၄ အောက်တိုဘာမှာ ကျွန်မသူငယ်ချင်း ချက်စတာကို ဆက်သွယ်ပြီး ကျွန်မ အတွက် အဆင်ပြေမယ့် အချိန်ပိုင်း အလုပ်ဖြစ်ဖြစ် ကူညီရှာပေးဖို့ ပြောဖြစ် ပါတယ်။ ချက်စတာက ဒါဆို သူ့ဝန်ကြီးချုပ်နဲ့ တွေ့ပေးမယ်။ သူ့ဝန်ကြီးချုပ် က မကြာခင် ရွေးကောက်ပွဲ ဝင်ပြိုင်ရတော့မှာဖြစ်ပြီး ဒီတစ်ခေါက်မှာတော့ သူရှုံးနိမ့်နိုင်တယ်ဆိုတဲ့ စိုးရိမ်စိတ်ဝင်နေတယ်လို့ ပြောပါတယ်။ သူကျွန်မ ကို ဘယ်လို ကူညီနိုင်မလဲ တစ်ချက်လောက် တွေ့ပြီးစကားပြောလိုက်ပါလို့ ပြောပါတယ်။ ဒါကပဲ ကျွန်မနဲ့ နစ်(စ) ဒုတိယ အကြိမ်တွေ့ဖို့ အကြောင်းဖန် လာတာပါပဲ။ အဲဒီနေ့က ကျွန်မ ချက်စတာရဲ့ ဝန်ကြီးချုပ်ကိုတွေ့ဖို့ ဂတ်ဝစ် လေဆိပ်ရဲ့ သီးသန့်ဆောင်ကို မနက်စောစော ရောက်နေပါတယ်။

လေဆိပ်ခန်းမ ဖွင့်လိုက်တာနဲ့ နစ်(စ) ဝင်လာတာကို တွေ့ရတော့တာပါ ပဲ။ ကျွန်မက ဒီအစည်းအဝေးအတွက် ပထမဆုံး ရောက်နေသူဖြစ်လို့ နစ်(စ)ကိုတွေ့တော့ ဝန်ကြီးချုပ်က ကျွန်မ တစ်ယောက်တည်းကို တွေ့ဖို့ မဟုတ်ဘူးဆိုတာ သဘောပေါက်လိုက်ပါတယ်။ နစ်(စ)က ကျွန်မကို တွေ့ တွေ့ချင်း ဒီမှာဘာလုပ်နေတာလဲ၊ ခင်ဗျားကျွန်တော့်ကို နောက်ယောင်ခံ လိုက်နေတာတော့ မဟုတ်ပါဘူးနော်လို အရွှန်းဖောက်ပါတယ်။ ကျွန်မ

ဝန်ကြီးချုပ်နဲ့တွေ့ဖို့ စောင့်နေတဲ့အကြောင်း ပြောပြတော့ သူလည်း ဒီဝန်ကြီးချုပ်ရဲ့ အရင်ရွေးကောက်ပွဲတွေ အတွက် သူအလုပ် လုပ်ပေးဖူးကြောင်း၊ အခုတစ်ခေါက်မှာ ကျွန်မရော ဝန်ကြီးချုပ်အတွက် လုပ်ပေးမယ်ဆိုတာ သိရလို့ ဝမ်းသာကြောင်း ပြောပါတယ်။

ကျွန်မကို အက်(စ)ဆီအယ်(လ) ရုံးကို လာလည်ပြီး သူတို့လုပ်နေတာတွေ လာကြည့်ဖို့ ဖိတ်ခေါ်ပါတယ်။ ကျွန်မစိတ်ထဲမှာ သူနဲ့တွေ့ဖို့ နည်းနည်းစိုးရိမ်စိတ် ရှိပေမဲ့ သူရှိရာ အက်(စ)ဆီအယ်(လ) ရုံးခန်းကိုသွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ရက်အနည်းငယ်မှာပဲ ချက်စတာ ဖုန်းခေါ်လာပြီး သူရယ် ကျွန်မရယ် နစ်(စ)ရဲ့ ရုံးခန်းကို သွားပြီး သူ့ဝန်ကြီးချုပ်အတွက် အလုပ်ကိစ္စတိုင်ပင် ရအောင်လို့ ပြောလာပါတယ်။ ကျွန်မကိုယ် ကျွန်မတောင် နစ်(စ)နဲ့ အလုပ်တူတူ တွဲလုပ်ဖို့ကို အကြံအစည်ကို သဘောကျ နှစ်ခြိုက်မိတဲ့အတွက် အံ့အားသင့်ရပါတယ်။ သူ့လိုလူမျိုးနဲ့ တစ်ဦးနဲ့တစ်ဦး ဆန့်ကျင်ပြီးပြိုင်ဘက်အနေနဲ့ မဟုတ်ဘဲ အလုပ်အတူတူ တွဲလုပ်ရမှာ ကောင်းပါတယ်လို့ တွေးမိပါတယ်။ အောက်တိုဘာ လလယ်လောက်မှာပဲ ကျွန်မ ချက်စတာနဲ့အတူ အက်(စ)ဆီအယ်(လ) ရုံးကို ရောက်သွားခဲ့ပါတယ်။ ရုံးခန်းမှာ နစ်(စ)နဲ့အတူ ကီရင်ဝါ(ဒ)နဲ့ တွေ့ပါတယ်။ ကီရင် ဝါ(ဒ)က နစ်(စ)ရဲ့ ဆက်သွယ်ရေး ညွှန်ကြားရေးမှူး တာဝန်ယူထားပါတယ်။ သူ အသက်က ၃၀ ပတ်ဝန်းကျင်ပဲ ရှိသေးပေမဲ့ နိုင်ငံရပ်ခြားက ရွေးကောက်ပွဲ တော်တော်များများရဲ့ အတွေ့အကြုံ ရှိထားသူပါ။

နစ်(စ)က ချက်စတာရဲ့ ဝန်ကြီးချုပ်မှာ အရေးကြီးတဲ့အချိန် ရောက်နေပြီလို့ ပြောပါတယ်။ ဝန်ကြီးချုပ်မှာ နိုင်ငံရေးမာန ရှိနေပြီး ဒါကသူ့အတွက် ၅ ကြိမ်မြောက် ရွေးကောက်ပွဲပါ။ သူ့ကိုသူပြည်သူတွေက ရာထူးက ဆင်းပေးဖို့ တောင်းဆို နေကြပါတယ်။ နစ်(စ)က သူဝန်ကြီးချုပ်နဲ့ တွေ့တုန်းက ဒီပွဲ

မှာ ခင်များအဆိုးဆုံးကို ပြင်ဆင်မထားရင် သေချာပေါက် ရှုံးမှာပဲလို့ သတိပေးခဲ့တဲ့အကြောင်း ပြောပါတယ်။ ရွေးကောက်ပွဲက လာမယ့် နှစ်သစ် အစမှာ လုပ်မှာဖြစ်လို့ အချိန်အများကြီး မကျန်တော့ပါဘူး။ နစ်(စ)က အက်(စ)ဆီအယ်(လ)ရဲ့ အကြောင်း ခင်ဗျားသေချာ မသိသေးဘူး ထင်တယ် လို့ ပြောပြီး သူ့ရဲ့ လက်တော့ပ်ကိုဖွင့်ပြီး ပါဝါပွိုင့်စလိုက် တချို့ကို ပြပါ တယ်။ ကျွန်တော်တို့ မျိုးဆက်က ယေဘုယျ အားလုံးကို ပစ်မှတ်ထားတဲ့ ကြေညာတွေနဲ့ဆို မထိရောက်ဘူးလို့ သူ့ရဲ့တင်ဆက်မှု ဖိုင်(လ)ကိုဖွင့်ရင်း ပြောပါတယ်။ သူ့ရဲ့ စလိုက်တစ်ခုမှာ သမားရိုးကျ မဲဆွယ်ကြော်ငြာတွေက လူတစ်ယောက်၊ အဖွဲ့အစည်း တစ်ခုရဲ့ အမှတ်တံဆိပ်ကို လူတွေရင်းနှီး အောင် လုပ်နိုင်တာကလွဲပြီး လူတွေရဲ့ အပြုအမူကို မပြောင်းလဲနိုင်ဘူးဆို တဲ့ စာသားကို ဖတ်ပြပါတယ်။

သူ့ရဲ့ စလိုက်ထဲက ဟားရော့ဒ် စတိုးဆိုင်ရဲ့ ၅ဝ% လျှော့ဈေးဆိုတဲ့ ကြော်ငြာရယ်၊ မက်ဒေါ်နယ်နဲ့ ဘာဂါကင်းရဲ့ ကြော်ငြာကိုပြပြီး ဒီလို သမားရိုးကျ ကြော်ငြာမျိုးက လူတွေရဲ့ အမှတ်တံဆိပ် တစ်ခုအပေါ် သစ္စာရှိ မှုကို လုပ်ပေးနိုင်ရုံကလွဲပြီး ဘာမှ မထူးခြားဘူးလို့ ပြောပါတယ်။ ဒီလို ကြော်ငြာမျိုး ခေတ်မရှိတော့ဘူး၊ အရမ်းဒိတ်အောက်နေပြီလို့ ဆက်ပြောပါ တယ်။ နစ်(စ)ဆက်ပြောတာက အက်(စ)ဆီအယ်(လ) ကုမ္ပဏီ အုပ်စုရဲ့ သတင်းအချက်အလက် ဖြန့်ဖြူးတဲ့ ပုံစံက ၂၀ ရာစု ကမ္ဘာအတွက် ရည်ရွယ် တယ်၊ ဒီလိုမျိုးကို ဘယ်လိုသမာရိုးကျ ကြော်ငြာ နည်းလမ်းတွေကမှ မလုပ် နိုင်ဘူး။ တကယ်လို့ ဖောက်သည်အသစ်တွေဆီ ချဉ်းကပ်ချင်ရင် ခင်ဗျား ဘယ်လို လုပ်မလဲ။ ဖောက်သည် အသစ်ရဖို့က သူတို့ကို ချဉ်းကပ်ရုံနဲ့ မ လုံလောက်ဘူး၊ သူတို့ကို ပြောင်းလဲပစ်ရမယ်။ တကယ်လို့ မက်ဒေါ်နယ်က ဘာဂါကင်းစားနေတဲ့ သူတွေကို သူ့ပစ္စည်း ပြောင်းစားအောင် လုပ်ဖို့ဆိုရင်

သူတို့ဆီကို ကြော်ငြာတွေ ပို့နေရုံနဲ့ အလုပ်မဖြစ်ဘူး၊ သူတို့ကိုယ်တိုင် မက်ဒေါ်နယ်ရဲ့ ဖောက်သည် ဖြစ်လာအောင် ပြောင်းလဲရမယ်။

နစ်(စ)က နောက်စလိုက်တစ်ခုကို ပြောင်းရင်း ထိရောက်တဲ့ ဆက်သွယ်ရေးဆိုတာရဲ့ လူတစ်ယောက်ရဲ့ အပြုအမူကိုစပြီး ပြောင်းလဲပစ်နိုင်တဲ့အချိန်က စတယ်လို့ ပြောပါတယ်။ နောက်ထပ် စလိုက်တစ်ခုမှာတော့ (Behavioural Communication) အပြုအမူဆိုင်ရာ ဆက်သွယ်ရေးလို့ ရေးထားပါတယ်။ အဲဒီစလိုက်မှာ စတုရန်း ပုံစံအကွက်ထဲမှာ လူတွေရေကူးနိုင်တဲ့ ဧရိယာ ဒီအထိပဲလို့ သတိပေးအရောင် အဝါရောင်နဲ့ ရေးထားပါတယ်။ နောက်တစ်နေရာမှာတော့ တြိဂံအကွက်ထဲမှာ "ဤနေရာတွင် တစ်ခါတစ်ရံ ငါးမန်းတွေ့ရှိရသည်" လို့ ရေးထားပါတယ်။ ဒီ ပုံ ၂ ပုံကိုပြပြီး ကျွန်မကို ဒီ ကြော်ငြာ ၂ ခု မှာ ဘယ်ဟာက ပိုထိရောက်နိုင်မယ် ထင်လဲလို့ မေးပါတယ်။

လူတွေရဲ့ ငါးမန်းပေါ် ကြောက်တဲ့စိတ်ကိုသုံးပြီး ခင်ဗျားရဲ့ ပင်လယ်ပြင်မှာ လူတွေ လာမကူးအောင် ဟန့်တားနိုင်တယ်လေ။ နစ်(စ)ရဲ့ ခင်ဗျားရဲ့ ပင်လယ်ပြင်ဆိုတဲ့ ဥပမာကြားတော့ ကျွန်မစိတ်ထဲ နစ်(စ)အားလုံးကို သူ့ကိုယ်ပိုင်လို့ ယူဆပြီး အလုပ် လုပ်နေတာပဲဆိုတဲ့ အတွေး ဝင်လာပါတယ်။ နစ်(စ) ဆက်ပြောတာက အက်(စ)ဆီအယ်(လ)က တကယ်တော့ ကြော်ငြာ ဝန်ဆောင်မှုပေးတဲ့ သာမန်ကုမ္ပဏီ မဟုတ်ဘူး။ လူတွေရဲ့ အပြုအမူကို ပြောင်းလဲပေးတဲ့ ကုမ္ပဏီဖြစ်တယ်။ ရွေးကောက်ပွဲတွေမှာ မဲဆွယ်သမားတွေက ခုနက ပင်လယ်ကမ်းခြေ ဒီမှာဆုံးပြီဆိုတဲ့ ကြော်ငြာလို မထိရောက်တဲ့ ကြော်ငြာမျိုးအတွက် ပိုက်ဆံတွေ ဘီလီယံနဲ့ချီ သုံးကြတယ်။ နစ်(စ)ပြတဲ့ နောက်စလိုက် တစ်ခုက မီဒီယာ တစ်ခုနဲ့ ပုံတစ်ခုပါ။ ၂ ခုလုံးက မဲဆွယ်ကြော်ငြာတွေ ဖြစ်ပါတယ်။ မီဒီယာက မစ်ရှန်နီရဲ့ ပုံရယ်၊ သူမိန့်ခွန်းကို လူ

တွေ အားပေးနေတဲ့ အသံတွေကိုရော စပ်ထားတဲ့ ဗီဒီယို ကလစ်တစ်ခု ဖြစ်ပါတယ်။ "အားကောင်းသော ခေါင်းဆောင်မှု အသစ်ဆီသို့ဆိုတဲ့ မဲဆွယ်စာတမ်းနဲ့ အဆုံးသတ်ထားတယ်။ ပုံမှာက အိမ်ရှေ့မြက်ခင်းပေါ် စိုက်လေ့ရှိတဲ့ ကြော်ငြာဆိုင်းဘုတ်မှာ ရွှန်နီ၊ ဆန်တိုရမ်၊ ဂင်းရစ်(ချ)ဆိုတဲ့ နာမည်တွေ ရေးထားတယ်။ ဘယ်သူ့နာမည်တွေ ရေးထားရေးထား ဒီလို မဲဆွယ်ကြော်ငြာမျိုးက ကြည့်လိုက်တာနဲ့ အရမ်းရိုးရှင်းတယ်၊ ဘယ်သူမှ သတိမထားမိနိုင်ဘူးလို့ ပြောပါတယ်။

နစ်(စ)က ရယ်ပြီးပြောတယ်။ ဒီလိုကြော်ငြာတွေက ဘယ်သူတစ်ယောက်ကိုမှ ပြောင်းလဲ မပစ်နိုင်ဘူး၊ ခင်ဗျားက ဒီမိုကရက်တစ်ယောက် ဆိုပါစို့၊ ဒီ ရွှန်နီရဲ့ မျက်နှာကို ကြော်ငြာမှာ မြင်လိုက်တာနဲ့ ခင်ဗျားအားပေးတဲ့ ပါတီဘက် ပြောင်းသွားမှာလား၊ ဘယ်ပြောင်းလိမ့်မလဲဗျ။ သူပြောတာကို ကျွန်မတို့ အားလုံး ရယ်ဖြစ်ကြတယ်။

ကျွန်မအတွက်တော့ သူပြောတာတွေ အားလုံးက အံ့သြစရာတွေချည်းပဲ။ ကျွန်မကိုယ်တိုင် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးရေး နည်းတွေနဲ့ ရင်းနှီးပြီးသားပါ။ ဒါပေမဲ့ နစ်(စ)ပြောတဲ့ စည်းရုံးနည်းမျိုးကို မစဉ်းစားမိဘူး။ ကျွန်မ လုပ်ခဲ့တဲ့ အိုဘားမားရဲ့ မီဒီယာအဖွဲ့ လုပ်ခဲ့တာတွေကို တော်တော် အဆင့်မြင့်ပြီ၊ နည်းပညာ မြင့်ပြီလို့ပဲ ထင်နေခဲ့တာ။ အဲဒီ ကမ်းပိန်းဆိုရှယ် မီဒီယာကို အသုံးပြုပြီး မဲပေးသူတွေကို ပထမဆုံး ဆက်သွယ်ခဲ့တဲ့ ကမ်ပိန်းပါ။ အဲဒီတုန်းက ကျွန်မတို့အဖွဲ့ အိုဘားမားအတွက် မိုင်စပေ့၊ ယူကျု၊ ပင်းထရက်(စ) (Pin Terest)၊ ဖလစ်ကာ(Flickr) တို့မှာ ပို(စ)တွေ အများကြီး ရေးပေးခဲ့တယ်။ အိုဘားမားရဲ့ ဆီနိတ်တာ ဖေ့ဘွတ် ပေ့(ဂျ) ကို ကျွန်မ ပထမဆုံး လုပ်ပေးခဲ့တာပေါ့။ အိုဘားမား ချီကာဂိုရုံးကို လာတုန်းက ကျွန်မကွန်ပျူတာ ပေါ်ကသူ့ ဓာတ်ပုံကို လက်ညှိုးထိုးပြပြီး "ဟာ ဒါငါ့ပုံပဲ"

လို့ ပြောတာကို ဂုဏ်ယူခဲ့ဖူးတယ်။ ခု နစ်(စ) ပြောတာတွေနဲ့ ချိန်ထိုး စဉ်းစားတော့မှ တကယ်တော့ အဲဒီတုန်းက ကျွန်မတို့ ဘယ်သူ့ကိုမှ မ ပြောင်းလဲ နိုင်ခဲ့ဘူးပဲ။ ကျွန်မတို့ရဲ့ ပရိသတ်က အိုဘားမားကို နဂို ကတည်းက ထောက်ခံသူတွေပါ။ တကယ်ဆို ကျွန်မတို့က သူတို့ဆီသွား တာ မဟုတ်ဘဲ သူတို့က ကျွန်မတို့ဆီ လာတာလို့ ပြောလို့ရတယ်။ နစ်(စ) ရှင်းပြတာက မဲဆွယ်ကြေညာ တစ်ခုက လူတွေလက်ခံ ရုံလောက်ပဲဆိုရင် သူလုပ်နိုင်တာက ရှိပြီးသား အမှတ်တံဆိပ် တစ်ခုအပေါ် ထပ်ပြီး သစ္စာရှိဖို့ ပဲ လုပ်နိုင်တယ်။ ဘယ်သူအပြုအမူကိုမှ မပြောင်းနိုင်ဘူး။ ကျွန်မတို့ အိုဘား မားအတွက် လုပ်ပေးခဲ့တာတွေက နစ်(စ) ပြတဲ့ ရေကူးနိုင်တဲ့ ပင်လယ် ဧရိယာ ကြော်ငြာလို၊ ရွှန်နီရဲ့ မီဒီယာလို ဟာတွေများတယ်။ အိုဘားမားကို ထောက်ခံသူတွေ သူ့ကို ပိုထောက်ခံလာတာပဲ ရှိတယ်။ မထောက်ခံသူကို ထောက်ခံလာအောင် မလုပ်နိုင်ခဲ့ဘူး။

နစ်(စ)ရဲ့ အယူအဆ အရဆို ကျွန်မတို့ လုပ်ခဲ့တာက အိုဘားမား ထောက်ခံသူတွေကို သတင်းအချက်အလက်တွေ စုပြုံနေအောင်ပေးပြီး မဟုတ်လည်း မဲပေးမယ့် သူ့ကိုသေချာပေါက် မဲပေးအောင် လုပ်ခဲ့သလိုပါ ပဲ။ တကယ်တမ်းတော့ မဲပေးတဲ့သူတွေ မလိုအပ်တဲ့ အချက်အလက်တွေက ပိုများနေတယ်။ နစ်(စ)က နောက်ထပ် စလိုက်တစ်ခုကို ထပ်ပြပါတယ်။ စ လိုက်မှာ ချာ့(ဒ)တွေ ဂရပ်(ဖ)တွေပါပြီး အက်(စ)ဆီအယ်(လ)က ထိရောက် တဲ့ မဲဆွယ်စည်းရုံးရေး နည်းကို သိပ္ပံနည်းကျ နည်းလမ်းတွေနဲ့ ဘယ်လို လုပ်သလဲဆိုတာတွေ ပါပါတယ်။ အက်(စ)ဆီအယ်(လ)က ရွေးကောက်ပွဲ မ တိုင်ခင်ကတည်းက သုတေသန အကြီးအကျယ် လုပ်ပါတယ်။ သုတေသန ကရတဲ့ အချက်အလက်တွေကို ဒေတာသိပ္ပံပညာရှင်က ခွဲခြမ်းစိတ်ဖြာပြီး ပစ်မှတ်ထားရမယ့် မဲပေးသူ အုပ်စုတွေကို ခွဲပါတယ်။ ခွဲခြားပုံကတော့ မဲ

ပေးသူ တစ်ဦးချင်းစီရဲ့ မတူ ကွဲပြားတဲ့ အချက်တွေပေါ် မူတည်ပြီးတော့ ပေ့ါ။

ကျွန်မကိုယ်တိုင် အိုဘားမား ကမ်ပိန်းတုန်းက မဲပေးသူ အုပ်စုခွဲတဲ့ အခြေအနေပေါ် ဂုဏ်ယူဖူးပါတယ်။ အဲဒီတုန်းက မဲပေးသူတွေကို သူတို့ အာရုံစိုက်တဲ့ ပြဿနာအမျိုးအစား၊ ဘယ်ပြည်နယ်မှာ နေတာလဲ၊ အမျိုးသားလား အမျိုးသမီးလား အစရှိသည်ဖြင့် ခွဲခြားခဲ့တာပါ။ အခု နစ်(စ)ရဲ့ နည်းလမ်းတွေကတော့ သမားရိုးကျ အုပ်စုခွဲနည်းတွေထက် ပိုပြီး အဆင့်မြင့်၊ ပိုပြီး အသေးစိတ်ပါတယ်။ နစ်(စ)ပြောတာက ၁၉၆ဝလောက် တုန်းက ဆက်သွယ်ရေးဆိုတာ အပေါ်အောက်၊ ၂၀၁၄ ကျတော့ အောက်က နေ အပေါ်ကို ပြန်တက်တယ်။ လက်ရှိမှာတော့ ဒေတာရယ်၊ ခွဲခြမ်း စိတ်ဖြာ နိုင်တဲ့ နည်းပညာရယ်တွေကြောင့် လူတစ်ယောက်ချင်းစီရဲ့ အကြောင်းကို ပိုသိလာတယ်။ လူတွေဘာကို လိုအပ်နေသလဲ၊ သူတို့ကို ပြောင်းလဲဖို့ ဘယ်လို သတင်းစကား ပေးပို့ရမလဲ ဆိုတာတွေကို ဒေတာ သိပ္ပံပညာရှင် တွေက ကောင်းကောင်းသိတယ်။

နစ်(စ)ရဲ့ နောက်စလိုက် တစ်ခုမှာတော့ ဒေတာအနာလိုက်တစ်၊ လူမှုရေးသိပ္ပံ (SocialScience)၊ အပြုအမူနှင့် စိတ်ပညာ (Behavior and Psychology) လို့ ရေးထားပါတယ်။ ကမ်းဘရစ် အနာလိုက်တီကာ၊ ဆိုတာ အက်(စ)ဆီအယ်(လ) ရဲ့ ဘီဒီအိုင် (BDI၊ Behaviour Dynamic Institute) ဆို တဲ့ ယူနစ်ကနေ ပေါ်ထွက်လာတာပါ။ ဘီဒီအိုင် (BDI) မှာ တက္ကသိုလ် ကျောင်းပေါင်း ၆ဝ ကျော်နဲ့၊ စိတ်ပညာရှင်တွေ တစ်ရာကျော် ရှိပါတယ်။ ဒီ စိတ်ပညာရှင်တွေက ရလာတဲ့ ဒေတာတွေပေါ်ကနေ မဲပေးသူတွေရဲ့ ရှုပ်ထွေးတဲ့ စိတ်နေသဘောထားနဲ့ သူတို့ရဲ့ အပြုအမူကို ပြောင်းနိုင်မယ့် သတင်းအချက်အလက်တွေအတွက် အလုပ်လုပ်ကြပါတယ်။

ဒေတာ မော်ဒယ်လင်း (Modeling) ကနေတစ်ဆင့် အရမ်းကိုတိကျတဲ့ တွက်ချက်မှု (alogrithm) Beka တစ်ခုရရှိလာပါတယ်။ ဒီတွက်ချက်မှုက လူတစ်ယောက်ချင်းစီအတွက် သီးသန့်ပြုလုပ်ထားတဲ့ မဲဆွယ်စကားတစ်ခု ရရင် သူတို့ရဲ့ အပြုအမူ ဘယ်လိုပြောင်းလဲ သွားနိုင်မလဲဆိုတာ အတိအကျ ခန့်မှန်းနိုင်ပါတယ်။

နစ်(စ)ရဲ့ တင်ဆက်မှု အဆုံးမှာတော့ နယ်ဆင် မင်ဒယ်လားရဲ့ပုံ ပေါ်လာပါတယ်။ ကျွန်မအရင်က မင်ဒယ်လားနဲ့အတူတူ ရော်ဘင်ကျွန်းမှာ အကျဉ်းချ ခံထားရတဲ့ ရော်ဘင်ဆိုသူနဲ့ အလုပ်တူတူ လုပ်ဖူးပါတယ်။ တောင်အာဖရိကရဲ့ အမျိုးသမီးနေ့ပွဲအတွက် မင်ဒယ်လားရဲ့ မိတ်ဆွေဝင်နီနဲ့လည်း အလုပ်လုပ်ဖူးပါတယ်။ ဒါပေမဲ့ ကျွန်မကိုယ်တိုင် မင်ဒယ်လားကို ကိုယ်တိုင်တွေ့ပြီး လက်ဆွဲနှုတ်ဆက်ဖို့ အခွင့်အရေးကို မရခဲ့ပါဘူး။

နစ်(စ)က ၁၉၉၄ မှာ အက်(စ)ဆီအယ်(လ) က တောင်အာဖရိကအတွက် အလုပ်လုပ် ပေးဖူးတယ် ပြောပါတယ်။ တောင်အာဖရိက စမိုင်းမှာ ရာဇဝင်တင်မယ့် ရွေးကောက်ပွဲမှာ အကြမ်းဖက်မှုတွေ မဖြစ်အောင် လုပ်ရတဲ့ ပရော့ဂျက်ပါ။ ဒီပရော့ဂျက်က တောင်အာဖရိကရဲ့ ရွေးကောက်ပွဲ ချောချောမွေ့မွေ့ ပြီးသွားဖို့ အများကြီး အကူအညီ ပေးနိုင်ခဲ့ပါတယ်။ ဒါကို ကြားရတော့ ကျွန်မအက်(စ)ဆီအယ်(လ)နဲ့ နစ်(စ) အပေါ် အထင်မကြီးဘဲကို မနေနိုင်တော့ပါဘူး။

နစ်(စ)အရေးကြီး အလုပ်ကိစ္စ ပေါ်လာပြီး အခန်းအပြင် ခဏထွက်သွားတဲ့အခါ ကီရင်ဝ့်(ဒ)က အက်(စ)ဆီအယ်(လ) လုပ်ခဲ့တဲ့ အလုပ်တွေ အကြောင်း ဆက်ပြောပါတယ်။

အက်(စ)ဆီအယ်(လ)က တောင်အာဖရိက ရွေးကောက်ပွဲအတွက် လုပ်ပေးပြီးနောက်မှာ ကင်ညာ၊ စိန့်ကစ်၊ ဆန်တာ လူစီကာ၊ ထရီနီဒတ် တိုဘား

ကိုး နိုင်ငံတွေရဲ့ ရွေးကောက်ပွဲတွေအတွက် ဆက်ပြီး အလုပ်လုပ်ပေးပါတယ်။ စက်တင်ဘာ ၁၁ အဖြစ်အပျက် ပြီးမှာတော့ ကုမ္ပဏီအနေနဲ့ အမေရိကန် ကာကွယ်ရေး ဝန်ကြီးဌာနအတွက်ပါ အလုပ်တွေ လက်ခံလုပ်ပါတယ်။ အမေရိကန်ရဲ့ ပြည်တွင်း လုံခြုံရေးဌာန၊ စီအိုင်အေ (CIA)၊ နေတိုး (NATO)၊ ဖက်ဘီအိုင် (အက်(ဖ)ဘီအိုင် (FBI)) နဲ့ ပြည်နယ်အစိုးရတွေအတွက်ပါ ပရော့ဂျက်တွေ လက်ခံလုပ်ပေးပါတယ်။ ပင်တဂွန်ကို ကုမ္ပဏီက ဝန်ထမ်းအချို့လွှတ်ပြီး ကာကွယ်ရေးဆိုင်ရာ အသိပညာတွေအတွက် သင်တန်း စေလွှတ်တာမျိုးတွေပါ ရှိခဲ့ပါတယ်။

အက်(စ)ဆီအယ်(လ)မှာ လူမှုရေးဌာနလည်း ရှိပါတယ်။ ဒီဌာနက လူထုကျန်းမာရေး အခြေပြု ပရော့ဂျက်တွေဖြစ်တဲ့ အာဖရိကနိုင်ငံက လူတွေ ကွန်ဒုံး အသုံးပြုဖို့၊ အိန္ဒိယမှာ သန့်ရှင်းတဲ့ ရေသောက်သုံးဖို့ အစရှိတဲ့ ကမ်ပိန်းတွေကိုလည်း လုပ်ခဲ့ပါသေးတယ်။ ကုလသမဂ္ဂ အဖွဲ့အစည်းတွေနဲ့လည်း အဆက်အဆံရှိပြီး လူမှုရေးဆိုင်ရာ ပရော့ဂျက်တွေ အများအပြားကိုလည်း လုပ်ခဲ့ပါတယ်။

ကျွန်မအတွက်တော့ အက်(စ)ဆီအယ်(လ)အကြောင်း ပိုသိလေလေ ပိုပြီး အထင်ကြီး လေလေပါပဲ။ ကျွန်မတို့ အစည်းအဝေးပြီးတဲ့ ညမှာ နစ်(စ)တို့ လူစုနဲ့ ညစာအတူစားတော့ ကျွန်မနစ်(စ)အပေါ် ပိုပြီး ရင်းနှီးလာတယ်လို့ ခံစားရပါတယ်။ သူ့မှာ ကျွန်မထင်ထားတာထက် ပိုတဲ့ ကမ္ဘာကြီးကို ပိုသိတဲ့ အမြင် ရှိနေပါတယ်။ နစ်(စ)က မန်ချက်စတာ တက္ကသိုလ်က သမိုင်းဘာသာရပ်နဲ့ ဘွဲ့ရထားတာပါ။ သူ ဘွဲ့ရပြီးတော့ မက်ဆီကို၊ အာဂျင်တီးနားနိုင်ငံတွေမှာ အလုပ်လုပ်ပါသေးတယ်။ ပြီးတော့ အင်္ဂလန်ကို ပြန်လာပြီး အက်(စ)ဆီအယ်(လ) မှာ အလုပ်စဝင် ခဲ့တာပါ။ သူ့အနေနဲ့ အက်(စ)ဆီအယ်(လ) ကိုလက်ရှိ အခြေအနေထက် ပိုလုပ်နိုင်စေချင် ပုံရပါတယ်။ သူ

ကိုယ်တိုင် အင်ပါယာ အသေးလေးတစ်ခုကို ၁၀ စုနှစ် တစ်ခုလောက် အတွင်း အစကနေ တည်ဆောက်မယ့်ပုံပါ။

ကျွန်မလည်း သူ့ကို ကျွန်မရဲ့ ဟောင်ကောင်၊ ဟာ့(ဂ)၊ အီးယူ ပါလီမန်တွေ ပါ လုပ်ခဲ့တဲ့ အတွေ့အကြုံတွေ ပြောပြပေမဲ့ ကျွန်မရဲ့ မဲဆွယ်စည်းရုံးရေး အတွေ့အကြုံကို တမင်မပြောဘဲ ချန်ထားလိုက်ပါတယ်။ သူရဲ့ ကမ်းဘရစ် အနာလိုက်တီကာက ကျွန်မ မထောက်ခံတဲ့ ပါတီအတွက် အလုပ်လုပ်ပေး နေတာဆိုတော့။

ညစာစားပွဲအပြီး ပြန်ခါနီး နှုတ်ဆက်တော့ နစ်(စ)က ကျွန်မကို ပြောပါ တယ်။ "ခင်ဗျားလိုလူက အခွင့်အရေးကို ထိုင်စောင့်နေမယ့် လူမဟုတ်ပါ ဘူး၊ ဟုတ်တယ် မဟုတ်လား"

နောက်ရက်မနက် ချက်စတာက ကျွန်မဆီ ဖုန်းခေါ်ပြီး နစ်(စ)က ကျွန်မ ကို တရားဝင်အလုပ် အင်တာဗျူးအတွက် လာပါလားလို့ ဖိတ်ခေါ်တယ်ဆို တာ သိရတော့ ကျွန်မအရမ်း မအံ့သြတော့ပါဘူး။ နစ်(စ)က ကျွန်မလိုလူ တွေ ရှာဖွေနေမယ်ဆိုတာ သိပြီးသားပါ။ ကျွန်မက ရှားပါးပညာရှင် တစ် ယောက် ဖြစ်နေလို့တော့ မဟုတ်ပါဘူး၊ သူအလုပ်အတွက်တော့ ကျွန်မလို လူက အသင့်တော်ဆုံး ဖြစ်မှာပေါ့။ ဒါပေမဲ့ ကမ်းဘရစ် အနာလိုက်တီကာ မှာ အလုပ်လက်ခံဖို့ ဆုံးဖြတ်ရ ခက်နေပါတယ်။ အင်္ဂလန်က ကုမ္ပဏီ အသေးလေးက ကမ္ဘာ့နိုင်ငံရေးကို ကိုင်လှုပ်ပစ်နိုင်တဲ့ စွမ်းအားရှိတယ် ဆိုတာ ကျွန်မသိပါတယ်။ တစ်ဖက်မှာလည်း သူတို့ရဲ့ အဆင့်အတန်းမြင့်တဲ့ နည်းပညာတွေက လူတွေရဲ့ ကောင်းကျိုးအတွက် သုံးနိုင်တယ်ဆိုတာ သိ နေပါတယ်။ သူတို့ရဲ့ အမေရိက ဖောက်သည်က ကျွန်မနဲ့ ဆန့်ကျင်ဘက်ဖြစ် နေတာ တစ်ခုတည်းပါပဲ။ ကျွန်မက ဒီမိုကရက်ကို စိတ်ထဲအသည်းထဲက ထောက်ခံသူလေ။

ကျွန်မ အခုအချိန်မှာတော့ အလုပ်လိုအပ် နေပါတယ်။ ကျွန်မအတွက် ပထမဦးစားပေး အလုပ်မဟုတ်တောင်မှ ပိုက်ဆံတွေ အများကြီးရမယ့် အလုပ်ကိုလုပ်ပေးဖို့ မစိုးရိမ်ပါဘူး။ ကျွန်မ ဟောင်းဝေါ့(ဒ)ဒင်းနဲ့ ဂျွန်ကယ်ရီ အတွက်ဆိုရင် စေတနာ့ဝန်ထမ်း၊ လစာ မရဘဲနဲ့ လုပ်ခဲ့တာပါ။ အဲဒီတုန်းက ဆို ကျွန်မအသက် ၁၅ နှစ်ပဲ ရှိပါသေးတယ်။ ပိုက်ဆံ လိုလာပြီဆိုရင် ဘား တွေမှာ အရက်ဖျော်စပ်တာ၊ သန့်ရှင်းရေး လုပ်တာတွေလည်း လုပ်ဖူးပါ တယ်။ ၂၀၁၂ ကျွန်မရဲ့ အမ်ဖီး(Mphil) ပီအိတ်(ချ)ဒီ စလုပ်တော့ ကျွန်မ ပွဲ စီစဉ်တဲ့ ကုမ္ပဏီတစ်ခု စထောင်ပါတယ်။ အဲဒီ ကုမ္ပဏီက အစိုးရအရာရှိ တွေ၊ စီးပွားရေး သမားတွေ အာရပ်နွေဦးအပြီး လစ်ဗျားပြန်လည် တည်ထောင်ရေးအတွက် ဆွေးနွေးပွဲတွေလုပ်ဖို့ စီစဉ်ပေးရတာပါ။ ယူကေ ရဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံရေး ကော်မရှင်အတွက် စီးပွားရေးလုပ်ဖို့ ခက်ခဲတဲ့ အီသီယိုးပီးယားမှာ သံတမန် ဆက်ဆံရေးနဲ့ စီးပွားရေး အခွင့်အလမ်းတွေအတွက် လုပ်ပေးရတဲ့ အော်ပရေးရှင်း ဒါရိုက်တာ အလုပ် ကိုလည်း အချိန်ပိုင်း လုပ်ဖူးပါတယ်။ ၂၀၁၄ အစောပိုင်းမှာ ကျွန်မ အတွေ့အကြုံတွေနဲ့ ကိုက်မယ့် ရယ်ဒီဖော်ဟီလာရီ (RFH) ကမ်ပိန်းအတွက် အလုပ်လုပ်ဖို့ စိတ်ဝင်စားပေမဲ့ လစာနည်းတာရယ်၊ ကမ်ပိန်းက ချက်ချင်း မစနိုင်တာရယ်ကြောင့် မလုပ်ဖြစ်ဘဲ ပီအိတ်(ချ)ဒီ လုပ်နေစဉ် ကာလမှာ အလုပ်မရှိ ဖြစ်နေခဲ့တာပါ။

ကျွန်မ အလုပ်ချင်ဆုံး အလုပ်ဖြစ်တဲ့ လူ့အခွင့်အရေး ရှေ့နေရုံးမှာလုပ်ဖို့ စီစဉ်ပါသေးတယ်။ ဒေါ့တီလမ်းမှာ ဖွင့်ထားတဲ့ ဂျွန်ဂျုံးဥပဒေ အတိုင်ပင်ခံ ရုံးမှာပါ။ ဂျွန်က ကမ္ဘာ့ လူဆိုးတွေဖြစ်တဲ့ ကဒါဖီ၊ ကဒါဖီရဲ့သား၊ လိုင် ဘေးရီးယား သမ္မတ တိုင်လာတို့ ဘက်ကနေ ရှေ့နေလိုက်ခဲ့သူပါ။ ယူဂိုစ လားဗီးယား၊ ရဝမ်ဒါ၊ ဆီရာလီယွန်၊ လက်ဘနွန်၊ ကမ်ဘောဒီးယားတို့မှာ

လုပ်ခဲ့တဲ့ ကြားနာစစ်ဆေးမှုတွေမှာ ဂျွန်က ခက်ခဲနက်နဲတဲ့ ပြဿနာတွေ ဖြစ်တဲ့ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး၊ စစ်ရာဇဝတ်မှု၊ စစ်ရာဇဝတ်ကောင် လွှဲပြောင်းပေးအပ်ရေးတို့ကို အတိုက်အခံ ဆွေးနွေးခဲ့ပါတယ်။ ဒီအလုပ်တွေ အားလုံးကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတွေကို စွဲကိုင်ပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ မကြာသေးခင်ကပဲ သူက ဝီကီလိ(ခ) တည်ထောင်သူ ဂျူလီယမ် အားဆန်းရဲ့ အမှုကို ကိုင်တွယ်ခဲ့ပါတယ်။ ဂျူလီယမ်က သူ့ကို ဆွီဒင် အစိုးရကို တရားခံ လွှဲပြောင်းပေးမှာကို ရှောင်ကြဉ်ဖို့အတွက် လန်ဒန်က အီကွေဒေါ သံရုံးမှာ နိုင်ငံရေး ခိုလှုံခွင့် တောင်းခံ ခဲ့တာပါ။

ဂျွန်နဲ့ ကျွန်မရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်လာပါတယ်။ သတင်းပေးဖွင့်ချ ပြောဆိုသူတွေကို လေးစားကြတဲ့ အကြောင်းတွေ၊ ကျွန်မတို့ တက်ခဲ့တဲ့ ကျောင်းအချင်းချင်း အပြိုင်အဆိုင် ဖြစ်ခဲ့ကြတာတွေ နောက်ပြောင် ပြောဆိုကြရင်းနဲ့ တစ်ယောက်နဲ့ တစ်ယောက် ပိုရင်းနှီးလာပါတယ်။ သူက ဗြိတိန် လူမျိုးပါ။ ဒါပေမဲ့ ကျွန်မတက်ခဲ့တဲ့ ကျောင်း ဖီးလစ် အကယ်ဒမီရဲ့ ပြိုင်ဘက် ဖီးလစ် အိတ်စတာ အကယ်ဒမီကို တက်ခဲ့ပါတယ်။ ၂ ကျောင်း စလုံးက ၁၈ ရာစုကတည်းက ဖီးလစ် မိသားစုဝင် ၂ ယောက်က တည်ထောင်ခဲ့တာပါ။ ကျွန်မမှာ ရှေ့နေလိုင်စင် မရှိပါဘူး။ ဒါပေမဲ့ ဂျွန်က ကျွန်မရဲ့ စိတ်ဝင်စားမှုနဲ့ ပရဟိတ အလုပ်တွေကို လုပ်နိုင်မယ့် အလားအလာကိုမြင်လို့ ကျွန်မကို အသစ်ဖွင့်မယ့် ဒေါ့တီလမ်း အတိုင်ပင်ခံရဲ့ ရုံးခွဲ ဒေါ့တီလမ်း နိုင်ငံတကာ ဌာနမှာ အလုပ်ခန့်ထားနိုင်မယ့် နေရာ ရှာဖွေ ခဲ့ပါတယ်။

ဒါပေမဲ့ သူကိုယ်တိုင် ရုံးခွဲတည်ထောင်ဖို့ ငွေကြေးကို မရှာနိုင်ခဲ့ပါဘူး။ တကယ်လို့ လုပ်ဖြစ်ရင်လဲ ကျွန်မရမယ့် ငွေကြေးက စီးပွားရေး လုပ်ငန်း

ဆိုင်ရာ ရှေ့နေတစ်ယောက် ရသလိုမျိုးရမှာ မဟုတ်ပါဘူး။ ဒါက လူ့အခွင့်အရေးဆိုင်ရာ အလုပ်ပါ။ ဂျွန်နဲ့ သူ့မိသားစုဟာ သူယုံကြည်တာတွေအတွက် ပေးဆပ်ခဲ့ရပါတယ်။ ဂျွန်က အခမဲ့ ရှေ့နေလိုက်ပေးတဲ့ အလုပ်တွေလည်း လုပ်နေတာကြောင့် တခြားကျော်ကြားတဲ့ ရှေ့နေတွေလို မဟုတ်ဘဲ ရိုးရိုး ကုပ်ကုပ်ဘဲ နေခဲ့ကြပါတယ်။ ဂျွန်က စည်းမျဉ်းစည်းကမ်းတွေကို လက်တွေ့ကျင့်သုံးပြီး အပိုတန်ဆာ ဘာမှမရှိဘဲ စက်ဘီးတစ်စီးနဲ့ သွားလာနေတတ်သူ သားသတ်လွတ်စားတဲ့ လူတစ်ယောက်ပါ။

ကျွန်မလည်း ဂျွန်လို့ ကိုယ်ကျင့်တရား ပြည့်တဲ့ဘဝ၊ လူထုကောင်းကျိုးတွေပဲ လုပ်နေနိုင်မယ့် ဘဝကို တစ်နေ့နေ့မှာတော့ ရောက်ရမယ်လို့ စိတ်ကူးယဉ်မိပေမဲ့ လက်ရှိအနေအထား အရတော့ မဖြစ်နိုင်ပါဘူး။ လက်ရှိကျွန်မတို့မိသားစုရဲ့ စီးပွားရေးအခြေအနေ တကယ်ပဲ ကျပ်တည်း နေပါတယ်။ နှစ်ပေါင်းများစွာ ကြာအောင် ကျွန်မ အဖေဘက်က မိသားစုက အိမ်ခြံမြေ လုပ်ငန်းတွေ၊ ကျန်းမာရေးကလပ်တွေ ပိုင်ဆိုင်ခဲ့ပါတယ်။ ကျွန်မအအမေက အိမ်မှာနေပြီး ကျွန်မရယ်၊ ညီမလေး နာတာလီရယ်ကို ပြုစုပျိုးထောင်ရုံပါပဲ။ ကျွန်မတို့က ထိပ်ပိုင်း အလယ်အလတ်တန်းစား ဘဝမျိုးမှာ နေခဲ့ရတာပါ။ ကျွန်မတို့ ငယ်စဉ်က ပုဂ္ဂလိကကျောင်းမှာတက်ခဲ့ ရပြီး အကသင်ခန်းစာ၊ ဂီတသင်ခန်းစာတွေနဲ့ ပျော်ပျော်ကြီး နေခဲ့ကြတာပါ။ မိသားစု ခရီးစဉ်အဖြစ် ဒစ်စနေဝေနဲ့ ကာရေဗီယံ ပင်လယ်ကမ်းခြေ တွေကိုလည်း သွားခဲ့ကြပါတယ်။

ဒါပေမဲ့ ၂၀၀၈ အိမ်ခြံမြေ စီးပွားပျက်ကပ် ဖြစ်တော့ ကျွန်မအဖေရဲ့ စီးပွားရေး ထိခိုက်ခဲ့ပါတယ်။ ကျွန်မ မိဘတွေ ဘာမှ မတတ်နိုင်တဲ့ တခြားပြဿနာတွေလည်း ကြုံခဲ့ရပါတယ်။ မကြာခင်မှာ ကျွန်မတို့မှာ စုဆောင်းထားတာ ဘာမှမကျန်တော့ပါဘူး။ အဲဒီမတိုင်ခင် အီရွန်ရဲ့ ဝန်ထမ်း ဖြစ်ခဲ့ပါ

တယ်။ ၂၀၀၁ မှာ ဟူစတန် ဟောက်(စ) အော့ကဒ် ပြိုလဲတော့ သူ့ရဲ့ အငြိမ်းစား ခံစားခွင့်တွေ အကုန် ဆုံးရှုံးခဲ့ပါတယ်။

ကျွန်မအဖေက အလုပ်လက်မဲ့ ဖြစ်နေပြီး ၂၆ နှစ်လုံးလုံး အလုပ်မလုပ်ခဲ့တဲ့ အမေက အလုပ်ပြန်လုပ်ဖို့ ပြန်လည် ပြင်ဆင်ရပါတော့တယ်။ တစ်ချိန်တည်းမှာပဲ ကျွန်မတို့ရဲ့ အိမ်ကိုလည်း ရောင်းလိုက်ရလို့ အိမ်ထဲမှာရှိတဲ့ ပစ္စည်းကလွဲပြီး ဘာမှ မကျန်တော့ပါဘူး။

ဒီပြဿနာတွေ အားလုံးက ကျွန်မအဖေရဲ့စိတ်ကို တော်တော် ရိုက်ခတ်ခဲ့ပါတယ်။ သူက ထူးထူးဆန်းဆန်း စိတ်လှုပ်ရှားမှု မရှိသလို ငြိမ်သက်သွားပါတယ်။ ကျွန်မတို့ သူ့ကို စကားပြောရင် သူ့စိတ်တွေက တခြားမှာ ရောက်နေသလိုပါပဲ။ သူမျက်လုံးတွေက ကြောက်စရာ ကောင်းလောက်အောင် အသက်မရှိသလို ဖြစ်နေပါတယ်။ သူ့ရဲ့ အိပ်ရာထဲမှာနဲ့ တီဗွီရှေ့မှာပဲ တစ်ချိန်လုံး ရှိနေပါတယ်။ တစ်ယောက်ယောက်က နေကောင်းလားလို့ မေးရင်လည်း စိတ်မပါ လက်မပါနဲ့ ကောင်းပါတယ်လို့ပဲ ဖြေပါတယ်။ ကျွန်မတို့က စိတ်ကျရောဂါ ဖြစ်နေတာပဲလို့ ယူဆကြပါတယ်။ ဒါပေမဲ့ သူက ဆေးခန်းပြဖို့ရော ဆေးသောက်ဖို့ရောကို ငြင်းဆန်ပါတယ်။ သူက ဆရာဝန်နဲ့တောင် အတွေ့မခံချင်ပါဘူး။ ကျွန်မတို့က သူ့ကို တက်တက်ကြွကြွ ပြန်ဖြစ်လာအောင် ဘယ်လိုပဲ ကြိုးစားပေမဲ့ မအောင်မြင်ခဲ့ပါဘူး။

အောက်တိုဘာ ၂၀၁၄ နှစ်(စ)က ချက်စတာကို ဆက်သွယ်ပြီး ကျွန်မကို အင်တာဗျူးလာဖို့ ကမ်းလှမ်းချိန်မှာ ကျွန်မအမေက လေကြောင်းအကူ အလုပ်ကို ရသွားပါတယ်။ သူက လေကြောင်းလိုင်း အခြေစိုက်တဲ့ အိုဟိုင်းရိုးကို ပြောင်းရွှေ့သွားပြီး သူ့လုပ်ဖော် ကိုင်ဖက်တွေနဲ့အတူ ဟိုတယ်မှာပဲ နေပါတယ်။ အိမ်မှာတော့ အဖေက သူ့ခြေထောက် တစ်နေရာနဲ့ တစ်နေရာ ရွှေ့ဖို့ အရေးကို ကြိုးစားရုန်းကန် နေရပါတယ်။ အမေရိကား စစ်တပ်မှာ

ဆင်းဆင်းရဲရဲ နေခဲ့ရပြီး ကြီးပြင်းခဲ့ရတဲ့အမေက ဒီလိုအခြေအနေ ပြန်ရောက်သွားမယ်လို့ တွေးတောင် မတွေးမိပါဘူး။ ဒါပေမဲ့ ဒါက ကျွန်မတို့ ရင်ဆိုင်နေရတဲ့ အမှန်တရား ဖြစ်ပါတယ်။

ဒါကြောင့် လောလောဆယ် အခြေအနေအတွက် အက်(စ)ဆီအယ်(လ)က ကမ်းလှမ်းတဲ့ အလုပ်ကို ကျွန်မ ကြေးများနေလို့ မဖြစ်တဲ့ အနေအထားပါ။ ဒီအလုပ်ကို လက်ခံလိုက်ရင် ကျွန်မအိမ်ရဲ့ ငွေကြေး အခက်အခဲကို ဖြေရှင်းနိုင်မယ့်အပြင် ကျွန်မရဲ့ ပီအိတ်(ချ)ဒီကိုလည်း ပြီးအောင် အေးအေးဆေးဆေး လုပ်နိုင်မယ်လို့ ထင်ပါတယ်။ လက်ရှိအခြေအနေတင် မဟုတ်ဘဲ ရေရှည်အတွက်လည်း ကျွန်မ စဉ်းစားရမှာပါ။

နစ်(စ)က အဆင့်အတန်းမြင့် မျိုးရိုးကနေ မွေးဖွားလာခဲ့တာပါ။ ၁၈ ရာစုနှစ်က အရှေ့အိန္ဒိယ ကုမ္ပဏီဆိုတာ သူရဲ့ မိသားစုဝင်တွေ ပိုင်ဆိုင်တာပါ။ နစ်(စ)က နော်ဝေကုန်စည် ပို့ဆောင်ရေး ကုမ္ပဏီကြီးရဲ့ အမွေဆက်ခံမယ့်သူနဲ့ လက်ထပ်ခဲ့ပါတယ်။

ကျွန်မ ငယ်စဉ်က ပြည့်ပြည့်စုံစုံ နေခဲ့ရပေမဲ့ အခုအချိန်မှာ ဘာမှ မကျန်တော့ပါဘူး။ အခုဆိုရင် ကျွန်မက ဘာစုဆောင်းမှုမှ မရှိခဲ့ပဲ ဘဏ်ကငွေတွေကို လိုတာထက် ပိုသုံးခဲ့တဲ့ ဆင်းရဲတဲ့ ကျောင်းသားတစ်ယောက်ပါ။ ကျွန်မရဲ့အိမ်က အရှေ့လန်ဒန်က ဟောင်းနွမ်းယိုယွင်းနေတဲ့ တိုက်ခန်းလေး တစ်ခု ဖြစ်ပါတယ်။ ကျွန်မမှာ ရိုးသားစွာနဲ့ လုပ်ခဲ့တဲ့ အတွေ့အကြုံတွေ ရှိပါတယ်။ ဒါပေမဲ့ကျွန်မ နစ်(စ) နဲ့ တွေ့ရမယ် ဆိုရင်တော့ ကျွန်မကိုယ်ကျွန်မ သပ်သပ်ရပ်ရပ်နဲ့ ကြည့်ကောင်းအောင် ပြုပြင်ဖို့ လိုမယ်ဆိုတာ သိပါတယ်။

ကျွန်မက ဒီဂျစ်တယ် ကမ်ပိန်းနဲ့ ဒေတာခွဲခြမ်း စိတ်ဖြာမှုရဲ့ တိုးတက်မှု အသစ်တွေကို သုတေသန လုပ်ခဲ့ဖူးပါတယ်။ အကျိုးအမြတ်မဲ့ မားကက်တင်းနဲ့ ကမ်းပိန်းနည်းစနစ်တွေကို ပြန်လေ့လာ လိုက်ပါတယ်။ ပြီးတော့

ကျွန်မအမေရဲ့ အိမ်ရှေ့ခန်းမှာ လုပ်ခဲ့တုန်းက အကောင်းဆုံး ဝတ်စုံကို ဝတ်ဆင်သွားပါတယ်။

ကျွန်မ အင်တာဗျူး ရောက်သွားတဲ့ အချိန်နစ်(စ)က အရေးကြီးတဲ့ ဖုန်းတစ်ခု ပြောနေပြီး အလုပ်များနေပါတယ်။ ကျွန်မကို စာမျက်နှာ ၆၀ လောက်ရှိမယ့် ဖိုင်တွဲတစ်ခု လှမ်းပေးပြီး စောင့်နေတုန်းမှာ ဖတ်ထားဖို့ ပြောပါတယ်။ အဲဒီဖိုင်တွဲက အက်(စ)ဆီအယ်(လ) ကုမ္ပဏီအကြောင်း ရေးထားတဲ့ ကြော်ငြာစာရွက်ပါ။ အဲဒီမှာ ဆိုက်အော့(ပ) (psyops) ဆိုတဲ့ စကားလုံးတစ်လုံးကို တွေ့ရပါတယ်။ ဒီအသုံးအနှုန်းကို ကျွန်မရင်းနှီးပါတယ်။ အရှည်က (psychological operation) စိတ်ဓာတ် စစ်ဆင်ရေးဆိုတဲ့ အသုံးအနှုန်းဖြစ်ပြီး အရင်ကတော့ စစ်ပွဲတွေမှာ သုံးခဲ့တဲ့ ထိရောက်တဲ့ လက်နက်တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီစိတ်ဓာတ် စစ်ဆင်ရေးကိုပဲ ငြိမ်းချမ်းရေး ကိစ္စတွေမှာ သုံးနိုင်ပါတယ်။ ဥပမာ အာရပ်လူငယ်တွေ အယ်ကေးဒါးအဖွဲ့ဝင် မဖြစ်အောင်၊ အာရပ်ဒေသတွေမှာ ငြိမ်းချမ်းရေးရအောင် ဒီဗျူဟာကို သုံးလို့ရပါတယ်။

ကျွန်မ အက်(စ)ဆီအယ်(လ) ရဲ့ ကြော်ငြာစာရွက် ဖတ်ကြည့်နေတုန်းမှာ နစ်(စ) က သူ့ရုံးခန်းထဲကို လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်။ သူ့လိုလူမျိုးရဲ့ ရုံးခန်းက ဘယ်လိုပုံစံ ဖြစ်မလဲ ဆိုတာကို စိတ်ဝင်စားမိတာ အမှန်ပါ။ လက်တွေ့မှာ တွေ့လိုက်ရတာကတော့ သာမန်မှန်တွေ ကာရံထားတဲ့ ရိုးရိုးရှင်းရှင်း ရုံးခန်းပါပဲ။ ဓာတ်ပုံတွေ၊ ဆုတံဆိပ်တွေ ဘာမှ ချိတ်ဆွဲထားတာ မရှိပါဘူး။ အလုပ်စားပွဲတစ်ခု၊ ကုလားထိုင် ၂ လုံး ၊ ကွန်ပျူတာတစ်စုံနဲ့ စာအုပ်စဉ် ခပ်သေးသေးပဲ ရှိပါတယ်။ နစ်(စ)က ကျွန်မအက်(စ)ဆီ အယ်(လ)မှာ အလုပ်လုပ်ဖို့ ဘာလို့ စိတ်ဝင်စားသလားလို့ စမေးပါတယ်။ ကျွန်မကို ဒီလာဖို့ ရှင်ပဲ ဖိတ်ခေါ်တာလေလို့ ပြန်ပြောတော့ သူ ရယ်ပါတယ်။ သူ့မှာ ဖိအားတချို့ ရှိ

နေတယ်ဆိုတာ ကျွန်မ ခန့်မှန်းမိပါတယ်။ ကျွန်မ ဗြိတိန်အစိုးရအတွက် နိုင်ငံတကာ ကျန်းမာရေး ညီလာခံတစ်ခုကို ဦးစီးဆောင်ရွက်ပေးဖူးကြောင်း သူ့ကိုပြောပြလိုက်ပါတယ်။ ဒီလို ညီလာခံ နောက်တစ်ခု ထပ်လုပ်ဖို့ရှိကြောင်း၊ ဒီတစ်ခါတော့ လုံခြုံရေးနဲ့ပတ်သက်တဲ့ ခေါင်းစဉ်ဖြစ်မယ့်အကြောင်းပြောတော့ သူငြိမ်ငြိမ်သက်သက်ပဲ နားထောင်နေပါတယ်။ သူ သူ့ကုမ္ပဏီအကြောင်း ပြောပြတာတွေက ကျွန်မအတွက် ပိုပြီးစိတ်ဝင်စားဖို့ကောင်းပါတယ်။ စကား ပြောနေရင်းနဲ့ ကျွန်မ သူ့စာအုပ်စဉ်ကို တစ်ချက်ကြည့်မိပါတယ်။ သူကျွန်မ ကြည့်နေတာလည်း တွေ့တော့ သူက ရယ်ပြီး ဒါ ကျွန်တော့်ရဲ့ ဖက်စစ် စာပေတွေလေလို့ ပြောပါတယ်။ သူဘာဆိုလိုလဲ နားမလည်ပေမဲ့ သူနဲ့အတူတူ ရောယောင်ရယ်မိပါတယ်။ သေချာတာကတော့ သူ့စာအုပ်စဉ်ပေါ်မှာ စနိုးစနောင့် ဖြစ်စရာတစ်ခုခု ရှိနေပုံပါပဲ။

ကျွန်မ အရှေ့အာဖရိကရဲ့ လူထုကျန်းမာရေး ပရော့ဂျက်တွေအကြောင်း ပြောတော့ သူထိုင်နေရာကထပြီး ဒါဆို ခင်ဗျားနဲ့ တွေ့ပေးချင်တဲ့ လူတချို့ ရှိတယ်လို့ ပြောပါတယ်။ သူကျွန်မကို ရုံးခန်း အကျယ်ကြီး တစ်ခုတည်း ခေါ်သွားပြီး အမျိုးသမီး ၃ ဦးနဲ့ မိတ်ဆက်ပေးပါတယ်။ တစ်ယောက်ချင်းစီက စိတ်ဝင်စားစရာ ကောင်းပြီး သူတို့အားလုံးမှာ အလုပ်အပေါ် စိတ်အားထက်သန်မှု အပြည့်ရှိနေတာကို သတိထားမိပါတယ်။

တစ်ယောက်က ဓနသယာယ နိုင်ငံအတွင်းရေးမှူးရုံးမှာ ကာကွယ်ရေး သံတမန် ဆက်သွယ်ရေး အလုပ်ကို လုပ်နေတာ ဆယ်စုနှစ်တစ်ခု ကျော်ပါပြီ။ အဲဒီအလုပ်က ကင်ညာနဲ့ဆို မာလီယာနိုင်ငံက လက်နက်ကိုင်တွေရဲ့ ဖမ်းဆီတာခံရတဲ့ ပြည်သူတွေကို ကာကွယ်ပေးရတဲ့ အလုပ်ပါ။ သူနာမည်က ဆပ်ဘီတာ ရာဂျူးလို့ခေါ်ပြီး သူက ကျွန်မရဲ့ အလုပ်ချင်ဆုံး အိပ်မက်အလုပ်ကို လုပ်ဖူးသူ ဖြစ်ပါတယ်။ အခုတော့ အက်(စ)ဆီအယ်(လ) မှာ

ရောက်နေပြီပေါ့။

နောက်တစ်ယောက်ကတော့ နိုင်ငံကယ်ဆယ်ရေး ကော်မတီ (IRC) ရဲ့ အော်ပရေးရှင်း ဒါရိုက်တာဟောင်းပါ။ သူ့နာမည်က ဆယ်ရစ် ဘာလီး(စ)လို့ ခေါ် ပြီး ၁၅ နှစ်တာကာလမှာ လူ့အသက်ပေါင်း များစွာကို ကယ်တင်ဖူးသူပါ။

နောက်တစ်ယောက်ကတော့ ကုလသမဂ္ဂကနေ သူ့ရဲ့ သဘာဝဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းတွေအတွက် ဆုတံဆိပ်တွေ ရထားသူပါ။ သူက လစ်သူယေးနီးယားက ဖြစ်ပြီး လစ်ဘရယ်ပါတီအတွက် အလုပ်လုပ်ပေး ဖူးပါတယ်။ သူ့နာမည်ကတော့ လော်ရာဟမ်းနင်း စကားဘာရိုးလို ခေါ်ပါ တယ်။

ကျွန်မသူတို့ အားလုံးကို တွေ့ရတာ ဝမ်းသာမိပါတယ်။ သူတို့ အားလုံး အက်(စ)ဆီ အယ်(လ)ကို မရောက်ခင် လူသားချင်းစာနာတဲ့ လုပ်ငန်းတွေ မှာ တူညီတဲ့ အတွေ့အကြုံတွေရှိလို့ အက်(စ)ဆီအယ်(လ) ကို ရွေးချယ်ရတဲ့ အကြောင်းရင်း ကောင်းကောင်း တစ်ယောက်စီမှာ ရှိမှာပဲလို့ တွေးမိပါ တယ်။

သူတို့အားလုံးလည်း ကျွန်မ အတွေ့အကြုံတွေကို စိတ်ဝင်စားကြပါတယ်။ ကျွန်မတောင် အာဖရိကရဲ့ အရှေ့ဘက်ခြမ်းမှာ လုပ်ခဲ့တုန်းက စေတနာ့ဝန်ထမ်း ၆၇ ယောက်ကို Pienaar မြို့ကို ခေါ်လာပြီး ကလေးတွေ အတွက် သင်္ချာ၊ သိပ္ပံနဲ့ အင်္ဂလိပ် ဘာသာရပ်တွေ သင်ကြားပေးတဲ့အလုပ် လုပ်ဖူးပါတယ်။ ကျွန်မရဲ့ အီးယူ ပါလီမန်မှာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ နိုင်ငံခြားရေး မူဝါဒမှာ မြောက်ကိုးရီးယားကို ဦးစားပေး စဉ်းစားဖို့ လော်ဘီ လုပ်ပေးရတဲ့ ပရော့ဂျက်ကိုလည်း သူတို့ကို ပြောပြပါတယ်။ ကျွန်မ အရမ်း စိတ်ဝင်စားရတဲ့ အီဘိုလာရောဂါ ဖြစ်ပွားဖူးတဲ့ ဆီရာလီယွန်နဲ့ လိုင်ဘေးရီး

ယားတွေက အလုပ်တွေကိုလဲ ပြောပြဖြစ်ခဲ့ပါတယ်။

သူတို့အားလုံး ကျွန်မရဲ့ အရင်ပရော့ဂျက်တွေက အတွေ့အကြုံတွေကို အက်(စ)ဆီအယ်(လ) ကိုယူလာမယ့် အခြေအနေကို စိတ်လှုပ်ရှား နေကြပါတယ်။

အင်တာဗျူးပြီး မကြာပါဘူး၊ နစ်(စ) ကျွန်မကို ဖုန်းခေါ်ပြီး အလုပ်ခန့်လိုက်ပြီး ဖြစ်ကြောင်း အကြောင်းကြားပါတယ်။ ရာထူးကတော့ ကျွန်မလုပ်ချင်တဲ့ အကြံပေး Consultant ရာထူးပါပဲ။

ခင်ဗျား ပရော့ဂျက်တွေရဲ့ ကုန်ကျစရိတ်တွေကို အက်(စ)ဆီအယ်(လ)က အကုန်အကျ ခံပေးမှာ မကောင်းဘူးလား ဗျာလို့ ကျွန်မကို မေးပါတယ်။ အက်(စ)ဆီအယ်(လ)က ထူးချွန်တဲ့ လူတွေကို ငှားရမ်းပြီး နောက်ဆုံးပေါ် နည်းပညာတွေ၊ နည်းစနစ်တွေသုံးပြီး ဒေတာအသုံးပြုရတဲ့ ဆက်သွယ်ရေးနည်းလမ်းကို ဘယ်လိုသုံးရသလဲဆိုတာ သင်ယူ လေ့လာစေပါတယ်။ ကျွန်မအနေနဲ့ ကတော့ ဒါတွေဘယ်လို အလုပ်လုပ်သလဲဆိုတာ အနီးကပ် လေ့လာခွင့်ရပြီး ကျွန်မရဲ့ ပီအိတ်(ချ)ဒီ စာတမ်းအတွက်လည်း အထောက်အကူ အများကြီး ဖြစ်စေမှာပါ။

အလုပ်က သက်သောင့်သက်သာရှိတဲ့ အလုပ်ပါ။ ဒီအလုပ်ကို အသုံးချပြီး ကျွန်မရဲ့ အိပ်မက်တွေကို အကောင်အထည် ဖော်နိုင်ပါလိမယ်။ ကျွန်မရဲ့ သံတမန် ဖြစ်ချင်တာ၊ နိုင်ငံတကာ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ၊ ဒေးဗစ် အဲ့(စ)လော့(ဒ)နဲ့ ဂျင်မက်ဆီနာတို့လို နိုင်ငံရေး အကြံပေး၊ အဲဒီလို အိပ်မက်မျိုးတွေပေါ့။ ဒီအလုပ်က ကျွန်မအတွက်တော့ စိတ်ဝင်စားစရာတွေ အပြည့်ပေမဲ့ တစ်ဖက်မှာလည်း ကိုယ့်စိတ်သဘောထားနဲ့ မကိုက်ညီတာ တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ ကျွန်မက ရီပါဘလစ်ကန်ကို ထောက်ခံသူ မဟုတ်လို့ပါ။ ကမ်းဘရစ် အနာလိုက်တီကာက တဒ်ခရု ကမ်

ပိန်းအတွက် မကြာခင်ကပဲ စာချုပ်ချုပ်လိုက်ပြီး နစ်(စ) ကိုယ်တိုင် ကလည်း အမေရိကားရဲ့ ရီပါဘလစ်ကန် ပါတီကို သူ့ဖောက်သည် ဖြစ်စေရမယ်လို ကြိုးဝါးထားပါတယ်။

ကျွန်မအနေနဲ့ အခုအချိန် ပိုက်ဆံကို အသည်းအသန် လိုအပ်နေပေမဲ့ ဒီအလုပ်မှာ တစ်သက်လုံး လုပ်ဖို့တော့ စိတ်မကူးပါဘူး။ လစာကောင်းတဲ့ အကြံပေးအလုပ်မှာ ခဏလုပ်ပြီး ကျွန်မ လုပ်ချင်တဲ့ တခြားအရာတွေအတွက် ခဏသည်းခံရမှာပဲလို့ တွေးမိပါတယ်။ နစ်(စ) ကျွန်မ စိတ်ကို ဖတ်နိုင်သလိုပါပဲ။ ကျွန်မလုပ်ရမယ့် အလုပ်တွေအားလုံးက အက်(စ)ဆီအယ်(လ) ကုမ္ပဏီ အုပ်စုအောက်မှာပဲ ရှိနေမှာဖြစ်ပြီး အမေရိကန် ဘက်ခြမ်းမှာ လုပ်စရာ မလိုပါဘူးလို့ ပြောပါတယ်။ နစ်(စ)က ကျွန်မကို အဲဒီအချိန်ကများတယ် ပြောရမယ့် အချိန်ပိုင်း အကြံပေးအလုပ်ကို ကမ်းလှမ်းပါတယ်။ ကျွန်မ ပိုပြီးစွမ်းဆောင်နိုင်ရင် လစာပိုပေးမယ်လို့လည်း ကတိပေးပါတယ်။

အမြဲအတူ မလုပ်ခင်မှာ ခဏတွဲလုပ်ကြည့်တဲ့ သဘောပေါ့၊ ခင်ဗျားဘယ်လို သဘောရလဲလို့ မေးပါတယ်။

ကျွန်မရဲ့ အောက်ခြေ အလုပ်တွေအကြောင်း ပြောပြချင်ပါသေးတယ်။ အဲဒီအချိန် တုန်းကတော့ ငယ်ရွယ်တဲ့ အချိန်ဆိုတော့ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်နဲ့ စိတ်တူကိုယ်တူတွေ ချည်းပါပဲ။ ကိုယ်နဲ့သဘောထားချင်း မတူသူတွေနဲ့ အလုပ်အတူတူ စလုပ်ရတဲ့ အချိန်က ကျွန်မ လူ့အခွင့်အရေးဆိုင်ရာ ပရော့ဂျက်တွေ စလုပ်တုန်းကပေါ့။ အဲဒီတုန်းက လွှတ်တော်အမတ်တွေ၊ နိုင်ငံ့ထိပ်တန်း ခေါင်းဆောင်တွေ၊ အောင်မြင်တဲ့ စီးပွားရေး သမားတွေ အများကြီးနဲ့ တွေ့ရပါတယ်။ တချို့လည်း အရမ်းချမ်းသာကြွယ်ဝ ကျပါတယ်။ အားလုံးမှာတော့ အာဏာရှိကြတာပါ။ သူတို့နဲ့ ဆက်ဆံတိုင်း ကျွန်မ

မှာ အမြဲလိုလို ခံစားချက် ၂ မျိုး ရပါတယ်။

ကျွန်မ အဖြစ်အပျက် တစ်ခုကို ပြန်သတိရမိပါတယ်။ ၂၀၀၉ ဧပြီ ၂၀ ရက်နေ့ပေ့ါ၊ ဂျနီဗာမြို့ရဲ့ ကုလသမဂ္ဂ အဆောက်အဦရဲ့ အပြင်ဘက်မှာ ကျွန်မ မတ်တတ် ရပ်နေပါတယ်။ ကျွန်မနဲ့ အတူတူ လူတော်တော် များများက အီရန်သမ္မတ မိုဟာမက် အမီနီဂျက်ကို ဆန္ဒပြဖို့ပါ။ သူက ကမ္ဘာလုံးဆိုင်ရာ လူမျိုးရေး ခွဲခြားဆက်ဆံမှု ညီလာခံမှာ အဖွင့်မိန့်ခွန်းပြောကြားဖို့ ဖိတ်ကြားခံထား ရပါတယ်။ မိုဟာမက် အမီနီဂျက်က အစွန်းရောက် ဘာသာရေး ခေါင်းဆောင်တစ်ယောက်ဖြစ်ပြီး အာဏာရတာ ၄ နှစ် ကျော်ပါပြီ။ သူ့အနေနဲ့ အခြေခံလူသား လွတ်လပ်ခွင့်နဲ့ အခွင့်အရေးတွေကို ချိုးဖောက်ခဲ့ပါတယ်။ အမျိုးသမီးတွေကိုလည်း ဝတ်ရုံကောင်းကောင်း မဝတ်လို့ဆိုပြီး လူရှေ့မှာ အပြစ်ပေးတာမျိုးတွေကို အီရန်နိုင်ငံမှာ လုပ်ခဲ့ပါတယ်။ သူ့အမြင်အရဆိုရင် လိင်တူချင်း ချစ်မြတ်နိုးတာဆိုတာ မရှိရပါဘူး။ အိတ်အိုင်ဗီ (HIV) ဆိုတာ အနောက်နိုင်ငံတွေက သူတို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ဒုက္ခပေးဖို့ ဖန်တီးထားတာ၊ အစ္စရေးကို ကမ္ဘာ့မြေပုံပေါ်ကနေ အပြီးတိုင် ဖျောက်ပစ်ရမယ်၊ ဂျူးတွေ အစုလိုက်အပြုံလိုက် သတ်ခံရတာက ဇီယွန်ဝါဒီတွေရဲ့ စွက်ဖက်မှုကြောင့် ဖြစ်တာ အစရှိတဲ့ အစွန်းရောက် အတွေးအခေါ်ရှိသူ တစ်ဦးဖြစ်ပါတယ်။ အတိုပြောရရင် သူလိုလူနဲ့ ကျွန်မလို အနောက်ကမ္ဘာက ပညာတတ် တစ်ယောက်ဆိုတာ ပြဒါးတစ်လမ်း သံတစ်လမ်းပါပဲ။

ကုလ အဆောက်အဦ အပြင်ဘက်မှာ ရပ်နေရင်းက အဆောက်အဦထဲကို သံအမတ်တွေ၊ နိုင်ငံခေါင်းဆောင်တွေ၊ စီးပွားရေးသမားတွေ တစ်ယောက်ပြီး တစ်ယောက် ဝင်သွားကြပါတယ်။ သူတို့အားလုံးကို ကြည့်ပြီး ကျွန်မ တွေးမိတာက သူတို့တွေရော အီရန်ခေါင်းဆောင်နဲ့ သဘောထားချင်း ကွဲလွဲ

ကြတာပဲလား၊ သူတို့အားလုံးမှာ မိုဟာမက် အမီနီဂျက်နဲ့ ဆွေးနွေးဖို့ အာဏာရှိနေ ကြပါတယ်။ ကျွန်မဘေးက ဆန္ဒပြသူ လူအုပ်စုကို လှည့်ကြည့်မိပါတယ်။ တော်တော် များများက ကျွန်မလို ဘွဲ့ရ ကျောင်းသားတွေပါပဲ။ ဂျင်းဘောင်းဘီနဲ့ ညှပ်ဖိနပ်စီးထားတဲ့ လူတန်းစားတွေပေါ့။

သူတို့ကို ကျွန်မလေးစားသလို သူတို့လုပ်ရပ်တွေကိုလည်း ယုံကြည်ပါတယ်။ ကျွန်မကို ကျွန်မလည်း ကိုယ့်လုပ်ရပ်အတွက် မှန်တယ်လို့ ယုံကြည်ပါတယ်။

ဒါပေမဲ့ အဲဒီနေ့မှာ ကျွန်မရဲ့ ဆန္ဒပြဆိုင်းဘုတ် ဆိုင်းဘုတ်ကို အသာချပြီး လူအုပ်ကြားထဲကနေ ဘယ်သူမှ သတိမထားမိခင်မှာ ကျွန်မခန်းမထဲကို ဝင်သွားပါတယ်။ မှတ်ပုံတင်ကောင်တာမှာ ဝင်ခွင့်ကတ်ပြား ယူလိုက်ပါတယ်။ အဲဒါက စာကြည့်တိုက် အသုံးပြုခွင့်အတွက် ကျောင်းသားတွေ ယူရတဲ့ ဝင်ခွင့်ကတ်ပေါ့၊ အဖြူရောင် နောက်ခံပေါ်မှာ အပြာရောင် အစင်းတွေနဲ့၊ ဒါပေမဲ့ အဲဒီကတ်က သံတမန်တွေရဲ့ ဝင်ခွင့်ကတ်နဲ့ တစ်ပုံစံတည်း တူနေတာပါပဲ။

ဒါနဲ့ပဲ အဲဒီ ဝင်ခွင့်ကတ်ကို ကျွန်မ ဆွဲထားပြီး ပွဲကျင်းပတဲ့ ခန်းမထဲကို အစစ်ဆေးမေးမြန်း မရှိဘဲနဲ့ ကျွန်မရောက်သွားပါတယ်။ မိုဟာမက် အမီနီဂျက်ကစပြီး သူ့ရဲ့အစ္စရေး ဆန့်ကျင်ရေးမိန့်ခွန်း စပြောတဲ့အချိန် ဂျာမန်အဓိပတိ အိန်ဂျယ်လာ မာကယ်နဲ့ တခြားခေါင်းဆောင် အချို့ ခန်းမထဲကနေ ထွက်သွားတာ တွေ့ရပါတယ်။ သူတို့က အာဏာကြီးမားသူတွေပါ။ သူတို့ရဲ့ အီရန်အပေါ် ဆန့်ကျင်တဲ့ပုံစံက အဲဒီနေ့အတွက် ခေါင်းကြီးသတင်းတွေ ဖြစ်သလို ကုလသမဂ္ဂ အတွက်လည်း ကမ္ဘာ့ဆွေးနွေးပွဲမှာ အီရန်ရဲ့ အနေအထားကို ပြန်သုံးသပ်ဖို့ ဖြစ်လာပါတယ်။ အပြင်မှာရှိတဲ့ ဆန္ဒပြတဲ့ ကျွန်မသူငယ်ချင်းတွေ ကတော့ ဘယ်သူမှ သတိမထားမိဘဲ ပြန်ကုန်ကျပါ

ပြီ။ အဲဒီနေ့က သဘောပေါက်လိုက်တာက အပြောင်းအလဲတစ်ခုကို ဖော်ဆောင်ချင်ရင် အတွင်းစည်းထဲမှာ ရောက်နေမှ ဖြစ်နိုင်မယ် ဆိုတာပါ။

ကမ်းဘရစ် အနာလိုက်တီကာအတွက် အလုပ်လုပ်ပေးတာ ကျွန်မဘဝအတွက် ကြီးမားတဲ့ အပြောင်းအလဲဆိုတာ သိပါတယ်။ အဲဒီအချိန်က ကျွန်မ ယုံကြည်တာကအခု ကျွန်မလုပ်တော့မယ့် အလုပ်တွေ တခြားတစ်ဖက်ခြမ်း ဘယ်လို အလုပ်လုပ်သလဲ ဆိုတာ အနီးကပ်လေ့လာဖို့ အခွင့်ကောင်းပဲ ဆိုတာ ယုံကြည်ပါတယ်။ ကျွန်မနဲ့ သဘောထား မတိုက်ဆိုင်သူတွေနဲ့ အတူတူ အလုပ်လုပ်နိုင်တဲ့ စွမ်းရည်၊ အမြင်မတူသူကို စိတ်ကောင်းစေတနာတွေ ထားနိုင်မယ့် စွမ်းရည် ဒါတွေကို လေ့ကျင့်ပေးမယ့် နေရာလို့ ယုံကြည်လိုက်ပါတယ်။ ဒါတွေ အားလုံးက ကျွန်မ နစ်(စ)ကို ရက်(စ) (Yes)လို့ ပြောလိုက်တဲ့အချိန် ကျွန်မခေါင်းထဲမှာ ဖြစ်ပေါ်နေတဲ့ အတွေးတွေပါ။ ကျွန်မ တခြားတစ်ဖက်ကို လေ့လာဖို့ဆိုပြီး ဘက်ပြောင်းလာတုန်းက ကျွန်မရဲ့ မျှော်မှန်းချက်တွေ ဖြစ်ပါတယ်။

***